# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (26-3-2015) (၈၁၅၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၅ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ အမ်ဒီအဗ္ဗဒူလ် ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအောင်မြင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၅**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ စီမံကိန်းများဝန်ဆောင်မှုရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Grete Faremo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်လှဲလှဲသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်စေရေး၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရေးနှင့် စားနပ်ရိက္ခာ ဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကူအညီများ ပေးအပ်ရေးဆိုင်ရာများအပေါ် အလေးအနက်ထား ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကျင်းပပုံနှင့် စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ ချီတက်စစ်ရေးပြကြပုံများကို မြန်မာ့ရုပ်မြင်သံကြား (News Channel) နှင့် မြန်မာ့အသံရေဒီယိုတို့မှ မတ် ၂၇ ရက် နံနက် ၅ နာရီခွဲမှစပြီး အခမ်းအနားကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



## ကားအစီး ၄၀၀ ကျော် ရပ်နားနိုင်မည့် ကားပါကင်ပါသော ရွှေမင်္ဂလာဈေးသစ်ဖွင့်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အောင်မြင်သူအုပ်စုကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ တည်ဆောက်ခဲ့သော ကားအစီး ၄၀၀ ကျော် ရပ်နားနိုင်မည့် အထပ်မြင့်ကားပါကင်နှင့် ၁၀ ပေ အကျယ်ရှိ ဈေးဆိုင်ခန်း ၅၀၀ ကျော် ဖွင့်လှစ်နိုင်မည့် ရွှေမင်္ဂလာဈေးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မင်္ဂလာဈေးသစ်အနီး အဆိုပါအဆောက်အအုံမျက်နှာစာ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဒေါက်တာအေးမင်း၊ ဈေးများဌာန ဌာနမှူး ဦးစံရွှေထွန်းနှင့် အောင်မြင်သူအုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးလှမျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဈေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်ခဲ့သော ရွှေမင်္ဂလာဈေးသစ်နှင့်ပတ်သက်၍ ဈေးများဌာန လက်ထောက်ဌာနမှူး ဦးကျော်မြင့်က "မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးသစ်နဲ့ ဗညားဒလလမ်းပတ်ဝန်းကျင် ကားကျပ်တည်းမှုလျှော့ချနိုင်ဖို့နဲ့ ခေတ်မီအဆင့်မြင့်ဈေးတွေ ပေါ်ထွက်လာအောင် အခုလို ပုဂ္ဂလိကနဲ့ ပူးပေါင်းတည်ဆောက်ခဲ့တာဖြစ်တယ်။ ဈေးအတွင်း ဈေးဝယ်ယူ၊ ရောင်းချသူတွေ အဆင်ပြေစေဖို့ ဈေးဆိုင်ခန်းအကျယ်ကို ၁၀ ပေအထိ တည်ဆောက်ပေးထားပါတယ်။ ဈေးဆိုင်ခန်းအုပ်ချုပ်မှုနဲ့

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳**




**ကြေးမုံ စာတည်းရှုထောင့် ၂၆-၃-၂၀၁၅၊ ကြာသပတေးနေ့**

# စက်မှုကျွမ်းကျင်လုပ်သား ရွေ့လျားသင်တန်း

၂၁ ရာစုကို နည်းပညာအိုင်တီခေတ်ဟု တင်စားကြသည်။ မိမိတို့နိုင်ငံသည် လက်မှုလယ်ယာစနစ်နှင့် အစဉ်အလာရှိနေခဲ့ရာမှ ခေတ်စနစ်၏ လိုအပ်ချက်အရ ယခုအခါ စက်မှုလယ်ယာသို့ဦးတည်၍ မဖြစ်မနေဆောင်ရွက်လာရပြီ။ လယ်ယာလုပ်ငန်းခွင်တွင် လုပ်အားရှင် ကျွဲ၊ နွားများ ရှားပါးလာမှု၊ ထွန်ယက်၊စပါးရိတ်အခြေခံလယ်ယာလုပ်သားရှားပါးလာနေမှုက စက်မှုလယ်ယာစနစ်သို့ ဦးတည်ရွေ့လျားလာစေသည်။ ကျေးလက်တွင် ရွာတိုင်းနီးပါး လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များနှင့် အဆင့်မြင့်လာကြပြီ။

လယ်ယာလုပ်ငန်းသုံး ကိုယ်ပိုင်စက်များမရှိလည်း အကြောင်းမဟုတ်တော့ချေ။ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များနှင့် အငှားလိုက်ရိတ်သိမ်း၊ ထွန်ယက် ခြွေလှေ့ပေးမည့်သူများ ရွာတိုင်းနီးပါးမှာရှိလာနေပါပြီ။ လူ့လုပ်အားထက် အချိန်ကုန်သက်သာ၊ ကုန်ကျငွေနည်းပါးပြီး လုပ်ငန်းတွင်ကျယ်ကာ လုပ်ငန်းခွင်တွင်အဆင်ပြေလာကြသည်။ လယ်သမားက စက်မှုလယ်ယာစနစ်၏ အကျိုးကျေးဇူးကို နဖူးတွေ့ဒူးတွေ့ ခံစားသိရှိလက်ခံလာခဲ့ကြခြင်းသည် မိမိတို့နိုင်ငံ၏ စက်မှုလယ်ယာစနစ်အရှိန်အဟုန်ဖြင့် အောင်မြင်လာမည့် လက္ခဏာကောင်းတစ်ရပ်ဖြစ်သည်။

စက်မှုလယ်ယာစနစ်ဆိုသည်နှင့် လယ်သမားတိုင်း လယ်ယာသုံးစက်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးချတတ်ဖို့ လိုအပ်လာသည်။ ကိုယ်တိုင်ထွန်ယက်၊ ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းမှု စက်မှုနည်းပညာကို လယ်သမားတိုင်းကျွမ်းကျင်လိမ္မာရှိလာမှ ငွေကုန်ကြေးကျနည်းမည်။ သက်ဆိုင်ရာမှ စနစ်တကျနှင့် အခြေခံစက်မှုသင်တန်းများ ပို့ချပေးသောအခါ စက်မှုလယ်ယာစနစ်အတွက် အထောက်အကူဖြစ်စေပါမည်။

ယခုအခါ မိမိတို့နိုင်ငံသည် နိုင်ငံတကာနှင့်ချိတ်ဆက်၍ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိလာနေချိန်တွင် ဒေသ၏နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်ကို ကုစားနိုင်ဖို့ကြိုးစားလာရပြီ။ နမူနာကောင်းတစ်ခုမှာ ရွေ့လျားသင်တန်းများအစီအစဉ်ဖြင့် စက်မှုကျွမ်းကျင်လုပ်သားများအား လေ့ကျင့်မွေးထုတ်ပေးနေခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်များအနက် တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်တွင် ဤအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်နေသည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော စက်မှုကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် ရည်ရွယ်လျက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ စက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျေးလက်ဒေသများထိ လိုက်လံဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)က ပညာရှင်များ တာဝန်ယူလျက်သင်ကြားပေးနေကြောင်း သိရသည်။ ရွေ့လျားသင်တန်း အမှတ်စဉ် (၈)ကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသင်တန်းသူ ၉၃ ဦး တက်ရောက်ခဲ့သည်။ ပုဏ္ဏားကျွန်းမြို့သည် မကြာမီစက်မှုဇုန်ဖြစ်တည်လာမည့် နေရာအဝန်းအဝိုင်းဖြစ်ရာ ဤသင်တန်းသားများအတွက် ဘဝအာမခံချက်ရရှိလာမည့် ပညာရပ်များကို ပိုင်ဆိုင်နိုင်ပြီဖြစ်သည်။

ပုဏ္ဏားကျွန်းကဲ့သို့ပင် ကျောက်ဖြူမြို့နယ်တွင်လည်း စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဟု သိရသည်။ ရက်တိုသင်တန်းများဖြစ်သော်ငြားလည်း ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းသည့် ပညာရပ်များကို စနစ်တကျနှင့် ရွေးချယ်သင်ကြားခြင်းမျိုးဖြစ်ရာ ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေမည်အမှန်ဖြစ်ပါသည်။

ထို့ပြင် ဤအမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ရခိုင်ပြည်နယ်ရှိ လူငယ် ၂၂၈ ဦးအား ကာလတို သုံးလတစ်ကြိမ်နှင့် သင်တန်းသုံးကြိမ်ခွဲ၍ သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး ဤဒေသ၏ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို မြှင့်တင်ပေးမည့် ဤလူငယ်များသည် အနာဂတ် ရခိုင်ပြည်နယ်အတွက် "အား"တစ်ရပ်ဖြစ်စေမည်။

ရခိုင်ပြည်နယ်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ စက်မှုဇုန်များကိုလည်း ဖွင့်လာဦးမည်။ စစ်တွေလွင်ပြင်ဖွံ့ဖြိုးရေးကို ကုလားတန်မြစ် ဘက်စုံစီမံကိန်းက ဆောင်ကြဉ်းပေးလာမည်။ ဤလုပ်ငန်းကြီးများအတွက် လိုအပ်သောစက်မှု ကျွမ်းကျင်လူငယ်များ အများအပြားလိုအပ်မည်ဖြစ်ရာ စဉ်ဆက်မပြတ်သော ဤရွေ့လျားစက်မှုကျွမ်းကျင်သင်တန်းများက ကြီးမားစွာအထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ၁၃၇၆ ခုနှစ် ဓမ္မာစရိယစာဖြေသံဃာတော်များကို ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂၅**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ စတင်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်၊ သီလရှင် ၁၃၈၄၂ ပါး ဖြေဆိုကြသည်။

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲစာဖြေဌာနသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထိုသို့ သွားရောက်ကြည်ညိုရာတွင် ပြည်ထောင်စုဝန်ကြီးသည် စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စာမေးပွဲဖြေဆိုနေမှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး စာမေးပွဲဖြေဆိုနေကြသော စာဖြေသံဃာတော်၊ သီလရှင်များအား လှည့်လည်ကြည့်ရှု ဖူးမြော်ကြည်ညိုသည်။ နေပြည်တော် ပျဉ်းမနား ဓမ္မာစရိယစာဖြေဌာနတွင် ဓမ္မာစရိယ စာဖြေသံဃာတော်နှင့် သီလရှင် ၁၉၄ ပါး ဖြေဆိုကြကြောင်း သိရသည်။

အလားတူ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ရေနံချောင်းမြို့ စာဖြေဌာနတို့သို့လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေသည် လားရှိုးမြို့စာဖြေဌာနသို့လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်သည် မွန်ပြည်နယ် ကျိုက်ထိုမြို့၊ ဘီးလင်းမြို့၊ သထုံမြို့ စာဖြေဌာနများနှင့် ကရင်ပြည်နယ် ဘားအံမြို့စာဖြေဌာနများသို့လည်းကောင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြည်ညိုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗျူလ်ဟာဆန် မာမွတ်အလီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# သဲစုပ်စက်လှေများ ပြန်လည်လုပ်ကိုင်လာကြ

**ရန်ကုန် မတ် ၂၅**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက် ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက်မှ လုပ်သားပြည်သူများသည် ကူးတို့စက်တပ်ရေယာဉ်များဖြင့် တစ်ဖက်ကမ်းမှ ဗားကရာဆိပ်ကမ်းသို့ နေ့စဉ်ကူးလာခေါက်ပြန် လုပ်ငန်းတာဝန်ထမ်းဆောင်နေကြရာ အတော်ကြာရပ်စဲနေခဲ့သည်။ သဲစုပ်စက်လှေများသည် ရေလမ်းကြောင်း၌ တစ်စိတ်တစ်ဒေသ အနှောင့်အယှက်ဖြစ်နေရကြောင်း ရေယာဉ်လုပ်သားများထံမှ သိရသည်။

ယင်း သဲစုပ်စက်လှေများသည် အလျဉ်းပျောက်သွားတာတော့ မဟုတ်ကြောင်း၊ ကျိုးတိုးကျဲတဲ ဟိုတစ်စင်းသည်တစ်စင်း အနည်းငယ်တော့ ရှိနေကြောင်း၊ ယခုဆိုလျှင် အုံလိုက်ကျင်းလိုက်၊ အစုလိုက်အပြုံလိုက် စုပ်ယူနေခြင်းကြောင့် စက်တပ်ရေယာဉ်များသွားလာရေးမှာ လမ်းကြောင်းပျောက်နေကြောင်း၊ ထက်အောက်ဝဲ၊ ယာမှာ ကုန်တွဲမော်တော်ကြီးများကလည်း ကုန်အပြည့်ဖြင့် ချည်လျက် ရပ်နားထားတာ တွေ့ရှိရသည့်အတွက် ခရီးသည်များမှာ အလွန်စိုးရွံ့မိပါကြောင်း၊ ယခု ပြန်လည်လုပ်ကိုင်လာကြသော သဲစုပ်စက်လှေများကို သက်ဆိုင်ရာမှ ဟန့်တားအရေးယူဖို့လိုပြီဟု ထင်ပါကြောင်း အငြိမ်းစားဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အား ကြားသိရသည်။

**(ရွှေတိုင်လွင်)**




## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေစျေး | ၆၇၇၀၀၀ | - | ၆၇၈၀၀၀ |
| မန္တလေး | ရွှေစျေး | ၆၇၇၀၀၀ | - | ၆၇၈၀၀၀ |

**စက်သုံးဆီစျေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၂၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၅၉၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၀. ၆၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၇၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၇. ၂၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၀၆၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၀၇. ၇၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၅၀. ၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ အထက (ဆန်ဆိုင်း) တွင် ပညာသင်ကြားနေသော မထက်ထက်နိုင်နှင့် မဖူးပြည့်မွန်တို့၏ ဖခင်အမည်မှန်မှာဦးဝင်းတင် [၉/မလန(နိုင်) ၀၈၅၁၅၇] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကမ-၁၁)၊ မြေကွက်အမှတ်(၂၄၂/က)၊ မြေကွက်တည်နေရာအမှတ်(၂၄၂/က)၊ ခိုင်သဇင်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာ (ဦးအောင်လှိုင်) အမည်ပေါက်ပါမြေအား အမည်ပေါက်ဦးအောင်လှိုင် [၁၂/ကမတ(နိုင်)၀၄၀၈၃၅]မှ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်၊ ဝန်ခံကတိတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

since1984 အဖြူလေး 095146452
ဦးဟန်သော် အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်းတမာရွတ်လှည်းတန်း
၂၀၁၄-၁၅ ၁၀တန်းဖြေများအတွက်
ဆေးတက္ကသိုလ်ဝင်ခွင့်
အင်္ဂလိပ်စာ + အခြားနှစ်ဘာသာ
ရန်ကုန်တက္ကသိုလ် ၊ နည်းပညာတက္ကသိုလ်(စက်မှု) နှင့် အခြားတက္ကသိုလ်များ ဝင်ခွင့် March 30 စသင်မည်
ဝင်ခွင့်မရလျှင် သင်တန်းကြေးတစ်ကျပ်မကျန် ( ချွင်းချက်မရှိ ) ပြန်အမ်းမည် ။

ဗိုက်မရစ် ဗိုက်မနာနဲ့ ရှင်းပြီး ပေါ့သွားတာပဲလို့
ခံစားပြီး နေ့သစ်ကို ကြိုဆိုလိုက်ပါ။
စုစုအေးအောင်ဝမ်းမှန်အကြောပြေဆေး

ဓိနိုဝင်း နှင့် ရောင်းရင်းများ
မဟာသကြၤန်အာဆင့်မြင့်ခရီးစဉ်များ
Scania ကားများဖြင့်သွား။ Restaurant စား။ Hotel မှာတည်း။
▲ ပုပ္ပါး ပုဂံညောင်ဦး(စွယ်တော်လေးဆူ) 140000
▲ ပုပ္ပါး ပုဂံ(စွယ်တော်လေးဆူ)မန္တလေး ပြင်ဦးလွင် 180000
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ရွှေတော်ကက္ကူ၊ ထမ်းစမ်းရှု 170000
မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
■ 13-4-2015- ညနေ(၆)နာရီထွက်မည်။ ကြိုတင်မှာယူနိုင်ပါပြီ။
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871, 255553, 389611, 095137245

# ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရန်အတွက် နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခဲ့



**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးသည် အမေရိကန်နိုင်ငံ Stanford တက္ကသိုလ် နိုင်ငံတကာမူဝါဒများလေ့လာရေးမဟာဌာနမှ ပါမောက္ခ James Fearon နှင့် သင်တန်းသား သင်တန်းသူ ၂၃ ဦးတို့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့်အတွက် ကော်မရှင်၏ အခန်းကဏ္ဍနှင့်တာဝန်များသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် လွတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ပေးခြင်းနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲအပြီးတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းတို့သည် အရေးကြီးပါကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး အောင်မြင်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရန်အတွက် နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ Capacity Building မြှင့်တင်ရေး၊ တိကျမှန်ကန်သည့် မဲစာရင်းရရှိရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များစီမံခန့်ခွဲမှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ Code of Conduct ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၊ မီဒီယာများ၏ Code of Conduct ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အမေရိကန်နိုင်ငံ Stanford တက္ကသိုလ် နိုင်ငံတကာမူဝါဒများလေ့လာရေးမဟာဌာနမှ ပါမောက္ခ James Fearon နှင့် သင်တန်းသား သင်တန်းသူများက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ပွင့်လင်းမြင်သာစေရန် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းနှင့် အသုံးစရိတ်သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၊ ပြည်တွင်း ငြိမ်းချမ်းရေး ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲအပေါ် အကျိုးသက်ရောက်မှု၊ Code of Conduct များရေးဆွဲဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ အခြေခံမဲစာရင်းပြုစုဆောင်ရွက်နေမှုနှင့် မဲဆန္ဒရှင်များအနေဖြင့် Online မှ မဲစာရင်းကြည့်ရှုနိုင်ရေးဆောင်ရွက်နေမှု၊ Voter Education, Voter Training တို့နှင့်ပတ်သက်၍ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ CSO များအား အပိုင်းလိုက် ပညာပေးဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်တွင်း/ ပြည်ပ Observer များအား ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကြည်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မလေးရှားနိုင်ငံတွင် ထိန်းသိမ်းခံနေရသော တရားမဝင်မြန်မာအလုပ်သမားများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**နေပြည်တော် မတ် ၂၅**

မြန်မာ့တပ်မတော် (ရေ) မှ စစ်ရေယာဉ် မဟာသီဟသူရသည် မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ မတ် ၁၇ မှ ၂၁ ရက်အထိ ကျင်းပသည့် Langkawi International Maritime and Aerospace Exhibition 2015 (LIMA-2015) ပြပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

အဆိုပါစစ်ရေယာဉ်သည် မလေးရှားနိုင်ငံတွင် တရားမဝင်ရောက်ရှိနေသော မြန်မာအလုပ်သမား ၁၀၂ ဦးတို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့်အတူ ပြန်လည်လိုက်ပါလာသော မြန်မာအလုပ်သမားများသည် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ သွားရောက်ခဲ့ပြီး မလေးရှားအစိုးရ၏စီမံချက်ဖြင့် ဖမ်းဆီးခံရ၍ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံနေရသူများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ပြန်ရန်အတွက် မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I ) ထုတ်ယူရရှိထားပြီး နေရပ်ပြန်ရန် အခက်အခဲကြုံတွေ့နေရသူများ ဖြစ်ကြောင်း သိရသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲများကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများကို ကူညီဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တစ်ဆင့် ဆက်သွယ်ညှိနှိုင်းလာခဲ့ရာ မိခင်နိုင်ငံသို့ပြန်ရန် ကြိုးစားနေသည့် မြန်မာအလုပ်သမားများအား စာနာထောက်ထားစွာ ကူညီပံ့ပိုးပေးသည့်အနေဖြင့် စစ်ရေယာဉ် မဟာသီဟသူရအပြန်ခရီးတွင် ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါ မြန်မာ့တပ်မတော်စစ်ရေယာဉ်နှင့်အတူ လိုက်ပါလာသောအလုပ်သမားများကို အဆင်ပြေချောမွေ့စွာဖြင့် ၎င်းတို့၏မိသားစုများနှင့် ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် လမ်းခရီးတစ်လျှောက် စားသောက်နေထိုင်ရေးနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို စစ်ရေယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတ် ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ(ပန်းတင်)မှ အုတ်စိမ်းစက်များအား နေပြည်တော်အုတ်စက်ရုံ(မင်းကုန်း)သို့ ရွှေ့ပြောင်းတပ်ဆင်ခြင်းလုပ်ငန်းနှင့် အုတ်ထုတ်လုပ်မှုအတွက် လိုအပ်သောစက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်အုတ်စက်ရုံ(ပန်းတင်)၌ တပ်ဆင်ထားသည့် အုတ်စိမ်းစက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာများအား နေပြည်တော်အုတ်စက်ရုံ(မင်းကုန်း)သို့ ရွှေ့ပြောင်းတပ်ဆင်ခြင်း လုပ်ငန်း

(ခ) ဝယ်ယူလိုသည့်ပစ္စည်းများ

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | အုတ်တင်တွဲ(Kiln Car) | 50 Nos |
| (၂) | မီးသင်းဖို၌ ကျောက်မီးသွေးကျွေးရန်(Burner Point) | 8 Points |
| (၃) | အုတ်တင်တွဲများရွှေ့ပြောင်းရန်(Transfer Car) | 2 Sets |
| (၄) | အုတ်တင်တွဲများဆွဲရန်(Winch) | 2 Sets |

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၆-၃-၂၀၁၅ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၆-၄-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
(ဂ) တင်ဒါသွင်းရမည့်နေရာ - ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

ဗဟိုပစ္စည်းထိန်းဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဖုန်း-၀၆၇-၄၁၄၆၂၃)

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

*** ရွှေဖုံးမှ**

ဈေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံအုပ်ချုပ်သွားမယ်” ဟု ရှင်းပြသည်။

ဆက်လက်၍ အောင်မြင်သူအုပ်စု ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးကျော်စွာအေးသောင်းက “ဒီဈေးကြီးကို အဓိက တည်ဆောက်ခြင်းမှာ ပထမအချက်က မီးဘေးအန္တရာယ်မဖြစ်စေဖို့၊ ဈေးဝယ်သူ ဈေးရောင်းသူတွေ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ဖို့နဲ့ ဈေးရုံအတွင်း ကုန်တင်ကားတွေ ဝင်၊ ထွက်နိုင်ဖို့နဲ့ ခေတ်မီအထပ်မြင့်ကားပါကင် ပါရှိရေးတို့ကို အဓိကထား တည်ဆောက်ပေးထားပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးတွေအနက် ယနေ့ဖွင့်လှစ်တဲ့ဈေးဟာ အလိုအလျောက် မီးငြိမ်းစနစ်ပါရှိတဲ့အတွက် မီးလုံခြုံမှုအပြည့်အဝရရှိတဲ့အပြင် အထပ်မြင့်ကားပါကင်သုံးလွှာတွင် ကားအစီး ၄၀၀ ကျော် ရပ်နားနိုင်မှာပါ” ဟု ပြောသည်။

**(စောသိန်းဝင်း)**

**မြန်ပြည်တစ်ခွင် သာစေချင်**
**မီးတွင်မပေါ့နှင့်**

## ကိုးကန့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်

**နေပြည်တော် မတ် ၂၅**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီသို့ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြု ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြပြီး မန္တလေးမြို့နေ ကိုးကန့်တိုင်းရင်းသားမိသားစုများမှ လှူဒါန်းငွေကျပ်သိန်း ၁၅၀၀ ကို ကော်မတီအတွင်းရေးမှူး ဦးဘုန်းဆွေက လက်ခံရယူခဲ့ပြီး အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းအား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်



**နေပြည်တော် မတ် ၂၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဖုန်းမြတ် ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများတွင် စစ်ရေးပြတပ်ရေးဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးရဲနိုင်ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်ရွှေထွန်း ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလှိုင် ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းမောင်သိန်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစိန်ဝင်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ကွန်ပျူတာတက္ကသိုလ်(သထုံ) ပထမနှစ်ဝက် ရေးဖြေစာမေးပွဲ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆို

**သထုံ မတ် ၂၅**

မွန်ပြည်နယ် သထုံမြို့၏ တစ်ခုတည်းသောတက္ကသိုလ်ဖြစ်သည့် ကွန်ပျူတာတက္ကသိုလ်(သထုံ) တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပထမနှစ်ဝက် ရေးဖြေစာမေးပွဲများကို မတ် ၂၃ ရက်က ကျင်းပလျက်ရှိရာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြင့် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

"ရေးဖြေကို မတ် ၂၃ ရက်ကနေ ဧပြီ ၁ ရက်အထိ ကျင်းပပြီးတော့ လက်တွေ့စာမေးပွဲကိုတော့ ဧပြီ ၂ ရက်ကနေ ၉ ရက်အထိ ကျင်းပမှာပါ။ အားလုံးက စာမေးပွဲကို အေးအေးချမ်းချမ်း ဖြေဆိုနေကြပါတယ်" ဟု တက္ကသိုလ်မှ မော်ကွန်းထိန်းဆရာဦးဝင်းဗိုလ်က ပြောကြားသည်။

နံနက်ပိုင်းတွင် တတိယနှစ် ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာနှင့် စတုတ္ထနှစ် ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာတို့ဖြေဆိုကြပြီး မွန်းလွဲပိုင်းတွင် ပထမနှစ် ကွန်ပျူတာသိပ္ပံနှင့်နည်းပညာ၊ ဒုတိယနှစ် ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာတို့ ဖြေဆိုလျက်ရှိကြသည်။ ယခုကျင်းပလျက်ရှိသည့် ရေးဖြေစာမေးပွဲတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၃၆ ဦးတို့ ဝင်ရောက်ဖြေဆိုကြပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်က ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် သက်ဆိုင်ရာ အထူးပြုဘာသာရပ်နှင့် နှစ်အလိုက် ဖြေဆိုသူပေါင်း ၄၆၁ ဦး အနက် ၄၀၂ ဦးတို့ အောင်မြင်ခဲ့ကြသဖြင့် အောင်ချက် ၈၇ ရာခိုင်နှုန်းရရှိထားခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**



# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ် ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် အစီအစဉ်များနှင့် ဘာသာရပ်နယ်ပယ်အလိုက် ဆက်သွယ်နိုင်သော Contact Person များ အမည်စာရင်းထုတ်ပြန်

**နေပြည်တော် မတ် ၂၅**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ်၊ ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ၏ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm ၌ ယနေ့တွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု လူတွေ့ဖြေဆိုကြမည့်သူများအနေဖြင့် မတ် ၁၈ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ဖော်ပြထားသော လူတွေ့ဖြေဆိုရာတွင် တစ်ပါတည်းယူဆောင်လာရမည့် စာရွက်စာတမ်းများကို မပျက်မကွက် ယူဆောင်လာကြရန်နှင့် လူတွေ့ဖြေဆိုရမည့် စာစစ်ဌာနတည်ရှိရာ တက္ကသိုလ်သို့မဟုတ် တက္ကသိုလ်စိန်ရတုခန်းမသို့ လာရောက်သော နယ်ခရီးစဉ်အတွက် ခရီးစရိတ်ကို သက်ဆိုင်ရာစာစစ်ဌာနများရှိ ငွေစာရင်းဌာနတွင် ဧပြီ ၇ ရက် နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် ယာဉ်စီးလက်မှတ်မူရင်း တင်ပြပေးအပ်လျက် အသွား၊အပြန် ယာဉ်စီးခကို ပြန်လည်ထုတ်ယူနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုသော အချက်အလက် အကြောင်းအရာများကို အောက်ဖော်ပြပါ ဘာသာရပ်နယ်ပယ်အလိုက် Contact Person များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်-

| စဉ် | ဘာသာရပ်နယ်ပယ် | အမည်၊ ရာထူး၊ ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|
| ၁။ | ဆေးပညာ | ဒေါက်တာမြမဉ္ဇူ<br>ညွှန်ကြားရေးမှူး<br>ဆေးပညာသင်ကြားရေးဗဟိုဌာန | ၀၉-၄၉၂၁၀၈၈၄ |
| ၂။ | အင်ဂျင်နီယာ | ဒေါက်တာမောင်လှိုင်<br>ပါမောက္ခ<br>ရန်ကုန်နည်းပညာတက္ကသိုလ် | ၀၉-၅၀၅၂၁၇၉ |
| ၃။ | ကွန်ပျူတာပညာ | ဒေါက်တာမြင့်မြင့်စိန်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၀၉-၅၁၂၂၄၀၉<br>၀၉-၂၅၀၀၇၄၁၄၇ |
| ၄။ | မွေးမြူရေးနှင့် ဆေးကုသရေး | ဒေါက်တာရဲထွဋ်အောင်<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>မွေး/ဆေးတက္ကသိုလ် | ၀၉-၂၁၇၃၈၄၆<br>၀၆၇-၄၁၆၅၂၆ |
| ၅။ | စိုက်ပျိုးရေး | ဒေါက်တာကြည်တိုး<br>ကျောင်းအုပ်ကြီး<br>လှည်းကူးကျောင်းခွဲ | ၀၉-၂၅၄၀၂၃၃၉၆ |
| ၆။ | သစ်တော | ဦးတင်မောင်ဝင်း<br>ညွှန်ကြားရေးမှူး(စီမံ) | ၀၆၇-၄၁၆၆၈၁ |
| ၇။ | စီးပွားရေး | ဒေါက်တာမြသန္တာ<br>ပါမောက္ခ၊ စာရင်းအင်းပညာဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၀၉-၅၁၀၈၀၅၉ |
| ၈။ | ပညာရေး | ဒေါက်တာအေးအေးမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ် | ၀၉-၄၄၈၀၂၆၄၁၁<br>၀၁-၅၀၄၇၇၂ |
| ၉။ | ဝိဇ္ဇာဘာသာရပ် | ဒေါ်သင်းသင်းမွှေး<br>လ/ထမော်ကွန်းထိန်း<br>ရန်ကုန်တက္ကသိုလ် | ၀၉-၄၃၁၆၄၆၅၂ |
| ၁၀။ | သိပ္ပံဘာသာရပ် | ဒေါက်တာခင်သက်နီ<br>ပါမောက္ခ(ဌာနမှူး)<br>ကုန်ထုတ်ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | ၀၉-၅၀၀၈၂၄၇ |
| ၁၁။ | အင်္ဂလိပ်စာနှင့် ဘာသာစကား | ဒေါ်တိုးတိုးခင်<br>မော်ကွန်းထိန်း<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | ၀၉-၅၀၅၀၆၁၅ |
| ၁၂။ | သတင်းအတတ်ပညာ | ဒေါက်တာတင်တင်ထွေး<br>ကျောင်းအုပ်ကြီး<br>အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | ၀၉-၈၆၀၀၉၅၄ |
| ၁၃။ | ဥပဒေ | ဒေါက်တာခင်မာရီ<br>ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန<br>ရန်ကုန်တက္ကသိုလ် | ၀၉-၅၀၀၄၆၆၀<br>၀၁-၅၃၆၅၃၉ |
| ၁၄။ | ဟိုတယ်နှင့်ခရီးသွား | ဒေါ်ခင်သန်းဝင်း<br>ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန | ၀၉-၄၉၂၃၆၅၄၇<br>၀၆၇-၄၀၆၁၃၀ |
| ၁၅။ | ရေကြောင်းပညာ | ဒေါက်တာမြတ်လွင်<br>ပါမောက္ခချုပ်<br>မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | ၀၉-၅၀၀၅၈၆၇ |

**(ကြေးမုံ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြန်လည်ပြင်ဆင်ပြီး ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၃)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း(၁)ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း(၁)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်း(၂)ခု စုစုပေါင်းလုပ်ငန်း(၄)ခုအတွက် ရန်ပုံငွေစုစုပေါင်း ကျပ်သန်း ၂၈၂၂ ဒသမ ၇၃၂၂၂ ခွဲဝေသုံးစွဲထားရှိမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အမှတ်စဉ်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောကွဲလွဲသည့်အချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုချက်ရယူခဲ့သည်။

ဆက်လက်၍ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကျေအလည်ဆွေးနွေးကြပြီး လွှတ်တော်က ပြင်ဆင်ချက်ပါအတိုင်း အတည်ပြုခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို ဖတ်ကြားတင်ပြရာ ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လှိုင်မြစ်ကူးတံတား ကြည့်မြင်တိုင်-အေးရွာတံတားစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၅**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြန်လည်ဖြေကြားခဲ့သည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေများမှ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တည်ဆောက်ခွင့်ရတင်ဒါအောင် ကုမ္ပဏီများ၏ မူလစာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိမှုအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိသော တင်ဒါအောင်ကုမ္ပဏီများကို စာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိပါက မူလစာချုပ်တွင်ပါရှိသည့် လုပ်ငန်းသတ်မှတ်ချိန်အတိုင်း အချိန်မီ



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

မပြီးစီးပါက နောက်ကျကာလ တစ်ရက်အတွက် (၁၈၀ × ၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၇၅၀၀ နှုန်း၊ (၁၂၀ × ၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၆၀၀၀ နှုန်း၊ (၁၀၀ × ၃၀)ပေ တစ်ကျောင်းလျှင် ငွေကျပ် ၄၅၀၀ နှုန်း၊ (၆၀ × ၃၀ )ပေ တစ်ကျောင်းလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် သတ်မှတ်ဒဏ်ကြေးပေးဆောင်ရမည် ဖြစ်ပါကြောင်း၊ အလားတူ စံချိန်စံညွှန်းမမီသည့်ပစ္စည်းများဖြင့် တည်ဆောက်ခြင်းနှင့် တင်ပြထားသော အရေအတွက်ထက်လျော့၍ တည်ဆောက်ထားခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြန်လည်အစားထိုး ပြင်ဆင်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကုမ္ပဏီများနှင့် ပေါင်းပြီး မမှန်မကန် ထောက်ခံတင်ပြသော ကြီးကြပ်သူများကို စိစစ်တွေ့ရှိပါက ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကျောက်ကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာ၊ ဆရာမများ ရာထူးတိုးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းများကို ကျောင်းသားများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောင်းများ အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် သတ်မှတ်မူဘောင်များနှင့်အညီ နှစ်စဉ် မေလ ၁၅ ရက် မတိုင်မီ ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် ထိခိုက်နစ်နာမှု မရှိစေရန် မေလအတွင်း ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်အမိန့်များ ထုတ်ပြန် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အဆိုပါကျောင်းများအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ ခန့်ထားနိုင်ရေးကို သီးခြားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာကျောင်းများမှ ပြောင်းရွှေ့ခွင့်ရသူများ၊ ရာထူးတိုးပြောင်းရွှေ့ခွင့်ရသူများကို လူစားထိုးရောက်ရှိမှသာ တာဝန်ကျရာကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ကြည့်မြင်တိုင်မြို့နယ် မြို့ဘက်ကမ်းမှ တစ်ဖက်ကမ်းရှိ ကျေးရွာများသို့ ပြည်ထောင်စုအစိုးရဘတ်ဂျက်ငွေဖြင့် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး



မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး။

ဦးစိုးတင့်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ကူးတံတား ကြည့်မြင်တိုင် - အေးရွာတံတားစီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မဟာရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် (၂၀၄၀)တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ကြည့်မြင်တိုင် - အေးရွာအနီးတွင် လှိုင်မြစ်ကူးတံတား တည်ဆောက်နိုင်ပါက ရန်ကုန်မြို့တော်အတွင်း လမ်းကွန်ရက်အသစ်ပေါ်ပေါက်လာနိုင်ခြင်း၊ မြို့ပြကို ချဲ့ထွင်နိုင်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများသာမက တည်ဆောက်ရေး အဆင့်မြင့်နည်းပညာများကို မြန်မာအင်ဂျင်နီယာများ ရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လှိုင်မြစ်ကူးတံတား တည်ဆောက်ရေးအတွက် အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ဆောင်ရွက်ပြီးစီး၍ အသေးစိတ် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **ကျေးလက်/မြို့နယ်/ခရိုင်များကို အဓိကဆက်သွယ်ပေးသော လူမှုရေး၊ စီးပွားရေးအစ အဓိကကျသည့် ခရိုင်ချင်းဆက်လမ်းများ၊ ဒိစတြိတ်ကောင်စီလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလွှဲပြောင်း လည်ပတ်ဆောင်ရွက်ပေးနိုင်ရန်** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေး



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု။



ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်။

**နေပြည်တော် မတ် ၂၅**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပပြီး အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက ပြဋ္ဌာန်းထားရှိသော အမျိုးသားပညာရေးဥပဒေနှင့် ယခုတင်ပြသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့တွင် "မူကြိုပညာရေး"ဆိုသော အသုံးအနှုန်းများကို တွေ့ရှိရပါကြောင်း၊ "မူကြို"ဆိုသည်မှာ "မူလတန်းကြို" ကိုဆိုလိုခြင်းဖြစ်ပါကြောင်း၊ ဥပဒေတွင် အတိုကောက်စကားလုံးများကို သုံးနှုန်းရန်မသင့်ပါသဖြင့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)ကို မူကြိုပညာရေး ဆိုသည်မှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော မူလတန်းကြိုပညာရေးကို ဆိုသည်ဟု ပြင်ဆင်ရေးသားနိုင်ရန် အကြံပြုလိုပါကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် ၁၅ တွင် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၉ ကို အစားထိုးရာ၌ "မိခင်တိုင်းရင်းသားဘာသာစကား" ဆိုသည့် စကားရပ်ကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် "သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကား" ဟု ပြင်ဆင်ရေးသားသင့်ပါကြောင်းကို အကြံပြုလိုပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် မသန်စွမ်းသူများ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များနှင့် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်ဆောင်ရွက်ပေးမည့်ဥပဒေတစ်ရပ် ပေါ်ထွန်းလာရန် ကြိုးပမ်းထားကြောင်းတွေ့ရ၍ ပြည်ထောင်စုဖွားတိုင်းရင်းသား မသန်စွမ်းသူများအတွက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ပြင်ဆင်ချက်များကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်းက ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် စိတ်ရင်း

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

**နှစ်(၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး**

# မခန်းခြောက်သော သွေး

## မောင်ဆွေသက်

မြန်မာနိုင်ငံသမိုင်းတွင် နန်းတွင်းရေးတို့မတည်ငြိမ်၊ ညီညွတ်ခြင်းတို့ အစည်းပြေချိန်မှာ သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်။

အားမတန် မာန်ချလို့ အရှင်နှစ်ပါးတို့ ပါတော်မူချိန်မှစ၍ပင် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်မခံလိုသော စိတ်ဓာတ်နှင့် လှုပ်ရှားခဲ့ကြသည်။

သူ့ကျွန်မခံလိုသူများက ဒေသအလိုက် ရရာလက်နက် လေးမြား၊ တုတ်၊ ဓားတို့နှင့် တိုက်ကြသည်။ ဗြိတိသျှတို့ကလည်း အိန္ဒိယနိုင်ငံမှ စစ်ဗာရီများကို စုဆောင်းခေါ်ယူလျက် မြန်မာပြည်ကို ဖိနှိပ်ခဲ့၊ အုပ်ချုပ်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူတို့က တစ်ခေတ်ပြီးတစ်ခေတ် တစ်ဖွဲ့ချင်းတစ်ဖွဲ့ချင်း အန်တုဖက်ပြိုင်ခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးပြန်ရဖို့ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းလို သခင်ဘဝ ပြန်ရဖို့ ကြိုးစားခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းရာမှာလည်း သူ့ခေတ်သူ့အခါ သူ့ပတ်ဝန်းကျင်အလျောက် ဖတ်သမျှ၊ မှတ်သမျှ၊ လေ့လာမိသမျှ၊ ဆက်သွယ်မိသမျှအပေါ် တည်မှီလျက်ကြိုးစားခဲ့ကြသူများ၊ အဖွဲ့အစည်းများအားလုံးကို လေးစားရပါမည်။

ကိုယ့်ဒေသ ကိုယ့်အခြေအနေအရ တော်လှန်တိုက်ခိုက်ကြရာမှာ လုံးဝလွတ်လပ်သည်အထိ အောင်မြင်မှုမရရှိကြသော်လည်း သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကတော့ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေရဲ့ ရင်ထဲအသည်းထဲမှာ အစိုင်အခဲကြီးမားစွာ အမြစ်တွယ်ရှင်သန်ကြီးထွားလာခဲ့ကြသည် ဟူသောရလဒ်ကိုတော့ အသိအမှတ်ပြုကြရပါမည်။

တစ်ဆင့်ပြီးတစ်ဆင့် အရှိန်မြှင့်လာသော လွတ်လပ်ရေးကြိုးပမ်းမှုစိတ်ဓာတ်နှင့်လှုပ်ရှားမှုသည် အချိန်အခါသင့်လာသောအခါမှာ ညီညွတ်သောအားကို ရလာစေပါတော့သည်။

တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့်ယူမှရသည် ဟူသောစကားသည် မည်သည့်ခေတ်ကာလက စတင်ပေါ်ပေါက်ခဲ့မှန်းမသိသော်လည်း ထိုစကားမှန်ကန်ကြောင်း မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရလာခြင်းက သက်သေခံလျက်ရှိပါသည်။

မြန်မာပြည်သူပြည်သားအားလုံး စိတ်ဆန္ဒပြင်းပြချိန် ဒုတိယကမ္ဘာစစ်မီးပြန့်ပွားချိန်နှင့် အချိန်ကိုက်လာသည်။ ကျွန်ဘဝက လွတ်မြောက်ဖို့ ကူညီမည့်သူတွေရှာကြသည်။ အဆက်အသွယ်တွေရှာကြသည်။ တစ်ဦးတစ်ယောက်တည်းမဟုတ်။ သူ့နည်းသူ့ဟန် ကိုယ့်နည်းကိုယ့်ဟန်နှင့် ဆက်သွယ်မှုတွေရှာကြသည်။ တရုတ်ပြည်သို့ဆက်သည်။ အိန္ဒိယသို့ ဆက်သည်။ ယိုးဒယား(ထိုင်း)သို့ ဆက်သည်။

သခင် ဗစိန်၊ သခင်ထွန်းအုပ်တို့က သခင်လှဖေအား ယိုးဒယားသို့လွှတ်သည်။ အောင်မြင်မှုမရခဲ့။ သခင် ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်အောင်သန်းတို့ ဂျပန်နှင့် ဆက်သွယ်မှုရသည်။ ဂျပန်ကခေါ်၍ ယိုးဒယားမှတစ်ဆင့်သွားသော သခင်ဗစိန်အား နယ်စပ်တွင် အဖမ်းခံရသည်။ အောင်မြင်မှုမရခဲ့။ သခင်အောင်သန်းတစ်ယောက်သာလျှင် ယိုးဒယားသို့ ရောက်သွားသည်။

ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့က ဂျပန်နှင့် ဆက်သွယ်မှုရသည်။ တစ်ချိန်တည်းတွင် လှုပ်ရှားနေကြခြင်းဖြစ်သည်။ ရန်ကုန်တွင် လှုပ်ရှားနေကြသော အဖွဲ့ထဲမှ ဦးသိန်းမောင်က ဂျပန်ဘုန်းတော်ကြီး ဦးနဂါအိ၊ ဗိုလ်မှူးကြီး ဆူဇူကီးတို့နှင့် ဆက်သွယ်မှုမှတစ်ဆင့် သခင်အောင်ဆန်းတို့ ဂျပန်ပြည်သို့ ရောက်သွားသည်။

ဂျပန်ပြည်တွင် လျှို့ဝှက်လှုပ်ရှားရင်း မြန်မာ့လွတ်လပ်ရေးကိစ္စ ဆွေးနွေးကြရသည်။ သခင်အောင်ဆန်းကိုယ်တိုင် မြန်မာပြည်သို့ တစ်ခေါက်ပြန်လာသည်။ မြန်မာပြည်၌ နိုင်ငံရေးခေါင်းဆောင်များနှင့် ဆွေးနွေးကြသည်။ စီမံချက်တွေ ညှိကြသည်။

စစ်ပညာသင်ဖို့လူငယ်များ ဂျပန်ပြည်လွှတ်ရေးမှာ အထူးလျှို့ဝှက်စီစဉ်ရသည်။ ပုလိပ်စုံထောက်တွေကလည်း အထူးလှုပ်ရှားနေကြသောကြောင့် သူတို့မျက်စိအောက်မှာ အမြဲရှိပြီး ဖမ်းဖို့ဆီးဖို့စာရင်း(က)တွင် ပါဝင်သူတို့ကို လွှတ်ဖို့ခက်သည်။ ထို့ကြောင့် ကိုယ်ယောင်ဖျောက်နိုင်သူတွေ၊ စုံထောက်တို့ မျက်ခြည်ပြတ်သောသူတွေကို လျှို့ဝှက်ဆက်သွယ် လျှို့ဝှက်စေလွှတ်ရတော့သည်။

ထို့ကြောင့် ပထမအသုတ်အဖြစ် သခင်အောင်ဆန်းနှင့်အတူ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်အေးမောင်(ဗိုလ်မိုးညို)၊ သခင်ဗဂျမ်း(ဗိုလ်လရောင်) နှင့် ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)တို့သည် ၁၉၄၁ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ထွက်ခွာသွားနိုင်ခဲ့သည်။

ဧပြီလ ၁၃ ရက်နေ့တွင် သခင်စောလွင်(ဗိုလ်မင်းခေါင်)၊ သခင်သန်းတင်(ဗိုလ်မြဒင်)၊ ကိုရွှေ(ဗိုလ်ကျော်ဇော)၊ ကိုအောင်သိန်း(ဗိုလ်ရဲထွဋ်)စသူတို့ပါဝင်သောအဖွဲ့ကို စေလွှတ်သည်။ တတိယအသုတ်အဖြစ် သခင်ခင်မောင်ဦး(ဗိုလ်တာရာ)၊ သခင်စံမြ(ဗိုလ်တောက်ထိန်)၊ ကိုလှမောင်(ဗိုလ်ဇေယျ)စသူတို့ကို စေလွှတ်သည်။

၁၉၄၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် သခင်ရှုမောင်(ဗိုလ်နေဝင်း)၊ သခင် စံလှိုင်(ဗိုလ်အောင်)၊ သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ)၊ သခင် ထွန်းလွင်(ဗိုလ်ဗလ)၊ ကိုသန်းညွန့်(ဗိုလ်ဇင်ယော်)၊ ကိုစိုး(ဗိုလ်မြင့်အောင်) စသူတို့ ထွက်ခွာသွားကြသည်။ ဂျပန်ပြည်တွင် သင်တန်းသား ၃၀ စုမိပြီး သင်တန်းစတင်သောအချိန်မှာ သခင် ၁၉ ယောက်၊ သခင်အမည် မတပ်သူ ၁၁ ယောက် ပေါင်း ၃၀ သည် နောင်အခါ ရဲဘော်သုံးကျိပ်ဖြစ်မည့် အမာခံများ ဖြစ်ခဲ့ကြပါတော့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လက်မောင်းသွေးများ ဖောက်သောက်ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် သစ္စာဆိုခဲ့ကြသည်ဟု မှတ်တမ်းရှိခဲ့သည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်ဆိုလျှင် မမြင်ဖူး၊ မကြုံဆုံဖူးသော်လည်း တစ်ပြည်လုံးက ချစ်ခင်လေးစားကြသည်။

စာရေးသူသည် အငြိမ်းစားတပ်မတော်သားဟောင်းကြီးတစ်ဦးဖြစ်၍ လက်ရှိတပ်မတော်သည် မိမိ၏တပ်မတော်ဟု ခံယူထားပါ၏။ တစ်ချိန်က သစ္စာရှိတပ်မတော်သားတစ်ဦးပီပီ တပ်မတော်၏ထာဝရ အရန်အင်အားစာရင်းဝင် ဖြစ်နေသည်ဟု မှတ်ယူထားပါ၏။

ကျွန်တော်တာဝန်ထမ်းဆောင်စဉ်ကာလမှာ တိုက်ပွဲသေးသေးရော ကြီးကြီးရောတိုက်ခဲ့ရဖူးပါသည်။

၁၉၅၇-၅၈ ခုနှစ်ဆီက တပ်စုမှူးအဆင့်နှင့် သေနတ်စပစ်ရသည်။ ခြေမြန်တပ်ရင်း(၁၀၅)မှ တပ်ခွဲမှူး ဗိုလ်ကြီးထွန်းရီ၏ စီမံမှုကြောင့် တိုက်ပွဲတစ်ပွဲတည်းမှ ရန်သူ ၂၈ ယောက်၊ သေနတ် ၂၇ လက်ရရှိခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ကစထမှူး ဗိုလ်ချုပ်ထွန်းရီ၏ တာဝန်ပေးချက်အရ တပ်မ(၇၇)မှ တပ်ရင်း(၆)ရင်းနှင့်အတူ အမြောက်ရှစ်လက်ကို အနီးကပ်ကွပ်ကဲ တိုက်ပွဲဝင်ခဲ့ရသည်။

၁၉၈၀-၈၁ နောက်ပိုင်း သေနတ်သံနှင့် ဝေးခဲ့ရပြီး ပြည်တွင်းဆူပူမှုတွေလည်း အေးသလောက်ရှိနေပြီ။

ယနေ့ သည်အချိန်မှာမှ မီးပွားလေးထတောက်လာသည်။ ကိုးကန့်နယ်မြေ လောက်ကိုင်ဒေသမှ ရုတ်တရက်ပေါ်ထွက်လာသော မီးပွားလေးသည် နယ်စွန်နယ်ဖျားမှာဖြစ်သော်လည်း လျစ်လျူရှုထား၍မဖြစ်။ တပ်မတော်မှ စနစ်တကျ ပြင်ဆင်တိုက်ခိုက်နေရပြီ။ တပ်မတော်သားများကို ကျွန်တော် ကိုယ်ချင်းစာပါသည်။ တောင်စောင်းတွင် ကြွက်တွင်းလို တူးထားသော ဆက်သွယ်ရေးမြောင်းနှင့် မြေတွင်း၊ ကြွက်တွင်းလိုအပေါက်လေးထဲမှ ခေါင်းပြူ၍ ခုခံတိုက်ခိုက်နေသော ရန်သူ့ပစ်ကျင်းအပေါက်ဝကို တည့်တည့်မှန်ဖို့ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူတို့နှင့် ဟန်ချက်ညီ တပ်ရင်းလက်နက်မျိုးစုံနှင့် ပစ်ရသည်မှာ မည်မျှခက်ခဲကြောင်း သဘောပေါက်ပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ လောက်ကိုင်ဒေသ၌ တိုက်ပွဲများ စတင်ဖြစ်ပွားကြောင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကြေညာသည်။ သံယောဇဉ်မပြတ်နိုင်သော ရဲဘော်သုံးကျိပ်မျိုးဆက် ဒေါက်တာခင်စန္ဒာဝင်းနှင့် ကျွန်တော်တို့ဆက်သွယ်ကြသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ မွန်းလွဲ ၁ နာရီမှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် ရှေ့တန်းတိုက်ပွဲဝင်စစ်သည်များအတွက် အလှူငွေ လက်ခံပေးသည်။

ဗိုလ်ချုပ်ကြီးနေဝင်း မိသားစု၊ ဗိုလ်ချုပ်ကြီးကျော်ထင် မိသားစု၊ ဗိုလ်ချုပ်သန်းဦး မိသားစုနှင့် ကျွန်တော်တို့ မိသားစုများအပါအဝင် စေတနာရှင် ၆၀ တို့က ချက်ချင်းလှူဒါန်းခဲ့ကြသည်။

ယင်းနောက်မှာ တိုင်းစစ်ဌာနချုပ် နယ်မြေအလိုက် မြန်မာတစ်ပြည်လုံးမှ စေတနာရှင်များက ငွေအား၊ ပစ္စည်းအားများ လှူကြသည်။ ကြည်နူးစရာ အကောင်းဆုံးက ဖေဖော်ဝါရီ ၂၃ ရက်နေ့ ဖြစ်ပါသည်။

ရဲဘော်သုံးကျိပ် မိသားစုဝင်များက မြေးများ၊ သားများဖြစ်ကြသော တပ်မတော်သားများအပေါ် သံယောဇဉ်မပြတ်နိုင်ပါ။ ရဲဘော်သုံးကျိပ်ဝင် ဗိသုကာကြီးများ ကွယ်လွန်ရှာခဲ့ကြပြီ။ ရဲဘော်သုံးကျိပ်၏ ဇနီးများအနက် ဗိုလ်မြင့်ဆွေ၏ဇနီး ဒေါ်ကြည်ကြည်ဝင်း အသက်(၈၉)နှစ်တစ်ယောက်သာ သက်ရှိထင်ရှားကျန်သည်။ လက်လှမ်းမီရာ ရဲဘော်သုံးကျိပ်၏ မိသားစုဝင်များ ဆက်သွယ်ကြသည်။ တိုင်ပင်ကြသည်။

ဗိုလ်နေဝင်း၊ ဗိုလ်ဗလ၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်တာရာ၊ ဗိုလ်ရန်အောင်၊ ဗိုလ်လရောင်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ဘုန်းမြင့်၊ ဗိုလ်စောအောင်၊ ဗိုလ်စောနောင်၊ ဗိုလ်မိုးညို၊ သခင်ထွန်းအုပ်၊ ဗိုလ်အောင်၊ ဗိုလ်လင်းယုန်၊ ဗိုလ်မင်းရောင်၊ ဗိုလ်တောက်ထိန်၊ ဗိုလ်စကြာတို့၏ သားသမီး မြေးမြစ်များ ဆက်သွယ်မှုရကြသည်။ တတ်နိုင်သမျှစုကြသည်။ သိန်း ၃၀ ကို ဗိုလ်မြင့်ဆွေ၏ဇနီး ဒေါ်ကြည်ကြည်ဝင်း ဦးဆောင်၍ လှူဒါန်းလိုက်ကြပါသည်။

တစ်ဆက်တည်းတွင် တော်လှန်ရေးကောင်စီဝင်များနှင့် ၎င်းတို့အစိုးရအဖွဲ့ဝင်များ၏ မိသားစုများကလည်း စုကြ ဆောင်းကြ လှူဒါန်းကြသည်။ ဦးနေဝင်း၊ ဦးအောင်ကြီး၊ ဦးတင်ဖေ၊ ဦးစန်းယု၊ ဦးစောမြင့်၊ ဦးကြည်မောင်၊ ဦးချစ်မြိုင်၊ ဦးမောင်ရွှေ၊ ဦးသန်းစိန်၊ ဦးကျော်စိုး၊ ဦးလှဟန်၊ ဦးတင်ယုဆိုင်၊ ဦးဘနီ၊ ဦးခင်ညို၊ ဦးဘငြိမ်း စသူတို့၏ ဆွေမျိုးစုများက ကျပ်သိန်းငါးဆယ်နှင့် သုံးသောင်း၊ ဒေါ်လာတစ်ထောင်တိတိတို့ ပေးလှူကြသည်။ ၎င်းတို့နှင့်အတူ စေတနာရှင်အများအပြားကလည်း ပေးလှူကြရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လှူဒါန်းရခြင်း အကြောင်းနှင့် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထိုနေ့ရက်နောက်ပိုင်း နေ့စဉ်သတင်းစာများတွင် အနယ်နယ်အရပ်ရပ်မှ အားပေးကူညီလှူဒါန်းကြသော သတင်းများက ဆက်၍ဆက်၍ပါနေသည်။

ရဲဘော်သုံးကျိပ်နှင့် တော်လှန်ရေးကောင်စီအဖွဲ့ဝင်များ စာရင်းမှာမပါခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းမှုကာလမီခဲ့သူ သခင်များ၊ လွတ်လပ်ရေးကာကွယ်စောင့်ရှောက်ခဲ့သော တပ်မှူးဟောင်းကြီးများ၏မိသားစုများကလည်း တိုင်ပင်ကြသည်။ စုကြ ဆောင်းကြ ထည့်ဝင်ကြသည်။

ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဝန်ကြီးချုပ် သူရဦးထွန်းတင် စသူတို့၏ ဇနီးများဦးဆောင်လျက် ဝန်ကြီးဟောင်းများ၊ တပ်မှူးဟောင်းများကလည်း စေတနာရှိကြသည်။ ငွေကြေးခနေ မကြွယ်ဝ မချမ်းသာသော်လည်း စေတနာကြွယ်ဝကြသည်။ သူတို့ တစ်သိန်းစီစုလိုက်ရာ ၃၆ သိန်းရသည်။ လေးဦးက တစ်သိန်း စီထပ်စုပြီး ထပ်ဆောင်းလိုက်သောအခါ သိန်း ၄၀ ပြည့်သွားသည်။ ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ သွားရောက်လှူဒါန်းလိုက်ကြပြန်သည်။

တကယ်တော့ ရဲဘော်သုံးကျိပ်မှစ၍ ကျွန်တော်တို့အထိ တပ်မှူးဟောင်းများ၊ စစ်သည်ရဲဘော်များ ချွေးနဲ့စာနှင့် လှူကြ တန်းကြသည်ကို ကျွန်တော်က ရေးဖွဲ့မှတ်တမ်းတင်နေခြင်းသည် ပြည်သူတစ်ရပ်လုံး အားပေးလှူဒါန်းမှုပမာဏနှင့်ယှဉ်လျှင် ဘာမျှမပြောပလောက်ပါပေ။ ကျွန်တော်တို့သာမက ယနေ့ ပြည်သူတစ်ရပ်လုံးက လောက်ကိုင်ဒေသမှာ ကိုယ်ကျိုးစွန့်အနစ်နာခံ တိုက်ပွဲဝင်နေကြသူများကို တစ်ခဲနက်ထောက်ခံနေကြသည်။ အားပေးနေကြသည်။ ယုံကြည်မှုအပြည့်ရှိနေကြသည်။

ရဲဘော်သုံးကျိပ်မိသားစုမှအစ ကျွန်တော်တို့လို အရွယ်လွန်စစ်သားများအထိ သံယောဇဉ်သည် ယနေ့ထက်တိုင် အရှိန်မပြတ် တရစပ်စီးဆင်းနေဆဲဖြစ်ပါ၏။

ကျွန်တော်တို့နှင့်တကွ ငါးဆယ့်တစ်သန်းသော ပြည်သူလူထုထောက်ခံမှုများသည် တိုက်ပွဲဝင်စစ်သည်တို့အတွက် မဖော်ပြနိုင်သော အားများဖြစ်စေမည်မှာ အမှန်ဟုဆိုရပါသည်။

ဤယုံကြည်ချက်ကြောင့်လည်း ရဲဘော်တို့ဆင်နွှဲနေကြသော တရားသော စစ်ပွဲသည် မကြာမီ အောင်ပွဲခံအဆုံးသတ်နိုင်မည်ဟု ပြင်းထန်စွာ ယုံကြည်နေမိပါသောကြောင့်-

လွန်ခဲ့သောနှစ်ပေါင်း (၇၀)က စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော စစ်ထွက်မိန့်ခွန်းဖြစ်သည့် **"အနီးကပ်ရန်သူကိုရှာပြီး ချေမှုန်းကြ"**ဆိုသည့် အမှာစကားအတိုင်း အတွင်းပိုင်းမှာ ရန်ပြုနေကြသော လောက်ကိုင်ဒေသရှိ ရန်သူဟူသမျှ အမှုန့်ညက်ညက်ချေ သုတ်သင်ပါလေလော့ ချစ်ရဲဘော် . . . ဟူ၍ ပြည်သူတစ်ရပ်လုံးကိုယ်စား မတ်လ ၂၇ ရက်နေ့အမီ အားပေးလိုက်ရပါကြောင်း။ ။



# ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ

## အစဉ်အလာကောင်းတဲ့ တို့တပ်မတော်

★ နှိုင်းယှဉ်မျှော်ကာ ပြန်လည်စစ်လျှင်ဖြင့်
သမိုင်းတွင်ကျော် မဟာပုဂံခေတ်မှာလ
အနော်ရထာ ကျန်စစ်ကိုခေါင်းဆောင်ထားပါလို့
သောင်းထောင်များစွာ အာဇာနည်တို့
မြန်မာပြည်ကို ဝဋ္ဋာဆီတင်ပေးခဲ့ကြ
ရှေးရှေးကစစ်သည်တွေ. . .။

★ ဘုရင့်နောင်မဟာရာဇကလည်း
အရှေ့တောင်အာရှမှာ အတူပေါင်းပြီး
မူကောင်းစွာ ပြည်တကာသာယာစေဖို့
ညီညီညာညာလေ သိမ်းကာရုံးပြန်တော့
မြို့ရွာအားလုံး ဗိုလ်ပါစုံဖွဲ့လို့
လိုက်ခဲ့ကြပြန်ပေ. . .။

★ တရားအပေါင်းဟာ သဒ္ဒါရပဲမို့
အားကောင်းတာ အစဉ်ထာဝရမမြဲသော်လည်း
အမြင်ဝါဒကွဲလျှင် ရေတိမ်နစ်တတ်တာကြောင့်
ဖြစ်ရပ်တွေ ဆုံကာမကျခင်
သစ်တပ်နှင့် အလုံကာတာကစပြီး
အညာက မြို့ရွှေဘိုမှာ တို့ပြည်ကိုအမှောင်တွေမခစေဖို့
အောင်ဇေယျဆိုတဲ့ မြို့သူကြီးက
ကိုယ်ထီးကိုယ် ပြန်ဆောင်ယူလို့
ပုဂံတောင်ငူ အစဉ်အလာမပျက်ရအောင်
ပြင်ဆင်ကာချီတက်တဲ့ ကုန်းဘောင်တပ်မဟာတွေ
အနာဂတ်မြန်မာပြည်အတွက် တွေးချင့်စံတင်ထား
မပြတ်ပါစေနှင့် သွေးသစ်အရန်အင်အား. . .။

★ မညီညွတ်လို့ ကျွန်ဖြစ်စဉ်အခါ
နှံမနစ်စေရာ ကိုယ့်မျိုးနွယ်အရေးကြုံတော့
အဘိုးရဲ့သွေး မြေးမှာပါပြန်လို့
ရှေးမြန်မာအလံ ဘဝက်ကျော်ကာ လွှင့်ရအောင်
အသက်ပါစွန့်တဲ့ ရဲဘော်သုံးကျိပ်တို့က
ဘုန်းအတိတ်နှင့် အမြုတေယူပြီး
ပြည်သူတွေ သခင်ဖြစ်ဖို့ အသွင်သစ်တပ်မတော်ဖွဲ့
တရစပ်ပေါ်တဲ့ ရန်အသိမ်အဖျင်းတို့ကို
အဖန်ဖန်နှိမ်နင်းခဲ့ကာလအဖြစ်ဟောင်းကဖြင့်
ပမာပြစရာသနစ်ကောင်း အလွန်ကြွယ်တဲ့
နှစ်ပေါင်းခုနစ်ဆယ်ပြည့်ပါပြီ ခင်ဗျား. . .။

**မိုးခေါင်မြေ ကျောက်စိမ်း**

❒**အမျိုးသားမှ**

စေတနာမှန်ကန်စွာ တွေးခေါ်နိုင်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ (ဆ)တွင် လွတ်လပ်စွာ တွေးခေါ်၍ဟူသော စကားရပ်မထည့်လျှင်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာတွေးခေါ်ခြင်းစကားရပ်ကြောင့် မှားယွင်းသည့်အတွေးများ တွေးနိုင်သည့်အတွက် ဘက်စုံအတွေး အခေါ်မှန်ကန်၍ ဟူသော စကားရပ်အတိုင်း ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က "အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်" စကားရပ်အစား " အမျိုးသားပညာရေးဆိုသည်မှာ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားမြှင့်တင်ပြီး စဉ်းစားတွေးခေါ်တတ်၍ကိုယ်ကျင့်တရားကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရန်နှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်" ဟု အစားထိုးပြောင်းလဲလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များ အမျိုးသားလွှတ်တော်ခန်းမတွင် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

◆◆◆

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် စက်သုံးဆီအရောင်းဆိုင်များရောင်းချမည့် အခြေအနေ

**နေပြည်တော် မတ် ၂၅**

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် အများပြည်သူ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) ၄၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်(CNG)နှစ်ဆိုင်တို့အား ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ ထို့အပြင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား ဧပြီ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀ ရက်တို့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ဧပြီ ၁၂၊ ၁၅၊ ၁၈၊ ၂၁ ရက်တို့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခေတ္တသိမ်းဆည်းထားသည့် ထိုင်းဘတ်ငွေသုံးသိန်းငါးသောင်းပြန်လည်ပေးအပ်

**တာချီလိတ် မတ် ၂၅**

မြန်မာနိုင်ငံသားတစ်ဦးထံမှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ရဲတပ်ဖွဲ့က ခေတ္တသိမ်းဆည်းထားသည့် ထိုင်းနိုင်ငံသုံးဘတ်ငွေ သုံးသိန်းငါးသောင်းအား မတ် ၂၄ ရက် ညနေပိုင်းတွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီငွေတွေက ပြီးခဲ့တဲ့ မတ် ၂၂ ရက်က တာချီလိတ်မြို့မှာနေထိုင်တဲ့ အာခါတိုင်းရင်းသား မောင်မာတေးကို ထိုင်းနိုင်ငံ ချိန်းရိုင်းခရိုင် မယ်ဖာ့လုံမြို့မှာနေထိုင်တဲ့ သူ့ဦးလေးတော်စပ်သူက လွှဲပြောင်းပေးခဲ့တာဖြစ်ပါတယ်။ ဒီငွေတွေကို ATM Box မှာ ထုတ်ယူပြီး ကုန်တိုက်မှာဈေးဝယ်နေတုန်း အရပ်ဝတ်နဲ့ ထိုင်းရဲတွေက မသင်္ကာလို့ စစ်ဆေးခဲ့ရာ ATM Card မှာပါတဲ့ အမည်နဲ့မကိုက်ညီလို့ ခေတ္တယာယီထိန်းသိမ်းထားခဲ့ပြီး မြန်မာဘက်မှ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းစစ်ဆေးခဲ့ရာမှာ သံသယဖြစ်ဖွယ်တစ်စုံတစ်ရာမတွေ့ရှိရတဲ့အတွက် ဒီကနေ့ ညနေပိုင်းမှာ ထိုင်း- မြန်မာနယ်ခြားကော်မတီမှ တာဝန်ရှိသူများနဲ့ (ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက်မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့်စေ့စပ်ညှိနှိုင်းရေးကော်မတီ)မှ ကော်မတီဝင်တွေရှေ့မှောက်မှာ မယ်ဆိုင်မြို့နယ်ရဲတပ်ဖွဲ့ စစ်ဆေးရေးအရာရှိ ဒုရဲမှူးချနာဝင်းက ကာယကံရှင်မောင်မာတေးရဲ့ ငွေတွေအားလုံးကို ပြန်လည်လွှဲပြောင်းပေးခဲ့တာဖြစ်ပါတယ်" ဟု ကော်မတီဝင် ဦးစည်သူမောင်က ပြောပြသည်။



မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသော ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား အများအပြားနေထိုင်လျက်ရှိသလို နယ်စပ်ဒေသနေ မြန်မာနိုင်ငံသားများမှလည်း လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများဖြင့် နေ့စဉ်ကူးသန်းသွားလာလျက်ရှိရာတွင် ထိုင်းနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံသားများအပေါ် ဆီး(ကျင်ငယ်) စစ်ဆေးခြင်း၊ ဘဏ်များနှင့် ATM စက်များတွင် ငွေထုတ်ယူရာတွင် စစ်ဆေးမှု၊ ထိန်းသိမ်းမှုများအား အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ တာဝန်ရှိသူများကလည်း ထိုကဲ့သို့ လူ့ကျင့်ဝတ်နှင့်မလျော်ညီသော ကိစ္စများအား ဆောင်ရွက်ခြင်းမပြုရန် အကြိမ်ကြိမ်ကန့်ကွက်တောင်းဆိုခဲ့ရာ နောင်တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် အနီးဝန်းကျင်မြို့ရွာများတွင် နေထိုင်သွားလာကြသည့် မြန်မာနိုင်ငံသားများအား ထိုကဲ့သို့ အကြောင်းမဲ့ဖမ်းဆီးစစ်ဆေးမှုများကို ပြုလုပ်တော့မည် မဟုတ်ကြောင်း ချိန်းရိုင်းခရိုင်ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျရန်းရိန်းထန်းက မတ် ၂၃ ရက်တွင် တာချီလိတ်မြို့ မြန်မာ-ထိုင်းနယ်ခြားကော်မတီ တာဝန်ရှိသူများထံ ကတိပေးပြောကြားခဲ့ကြောင်း သိရသည်။ **(မောင်ယဉ်ကျေး)**



**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေနှင့်အခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၈-က၊ ပုဒ်မခွဲ(၃) တို့ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း
## ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ ခန့်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးငြိမ်းချမ်း<br>ခြေလျင်နည်းပြ<br>စစ်ဦးစီးတက္ကသိုလ် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာနှင့်ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးစောနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန |

## အစားအသောက်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု လူရည်ချွန်စကားဝိုင်း ကျင်းပ

**ရန်ကုန် မတ် ၂၅**

နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုသော ပညာရှင်အင်အားစုအဖြစ် ရပ်တည်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့၏ အစားအသောက်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စကားဝိုင်းကို မတ် ၂၂ ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ORCHID HOTEL ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် သဘာပတိအဖြစ် ဒေါက်တာတင်မျိုးဝင်းက ဆောင်ရွက်ပြီး လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့၏ လူရည်ချွန်နှစ်ဦးဖြစ်ကြသည့် မြန်မာနိုင်ငံအစားအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးနှင့် အတွင်းရေးမှူး ဒေါက်တာ ကျော်ငြိမ်းအေးတို့က ဦးဆောင်ဟောပြောဆွေးနွေးကာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဖေသက်ခင်က Moderator အဖြစ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံအစားအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်းအတွင်းရေးမှူး ဒေါက်တာ ကျော်ငြိမ်းအေးက "ကျွန်တော်တို့က အကြောင်းအရာတစ်ခုကို တင်ပြဆွေးနွေးလိုက်တယ်။ အားလုံးကလည်းပါဝင်ဆွေးနွေးကြတယ်။ ဒီ နှစ်နာရီလောက်နဲ့တော့ အဖြေကထွက်မလာဘူး။ ဒါပေမယ့် နောက်ပိုင်း နောက်ဆက်တွဲအနေနဲ့ ထပ်မံဖြည့်စွက်ကြမယ်။ လက်ရှိတွေ့နေရတဲ့ ပြည်သူလူထုအတွက် အစားအသောက်နဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုပြီးအလေးထား လုပ်ဆောင်လာနိုင်မယ်လို့ထင်ပါတယ်"ဟုပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အခြေခံသဘောတရားများ၊ လက်ရှိမြန်မာနိုင်ငံတွင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှု၊ အားသာချက်၊အားနည်းချက်များကိုဆွေးနွေးရာ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်း၍ ပြန်လည်ဖြေကြားဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့သည် ၂၀၁၄ ခုနှစ် မတ် ၂ ရက်တွင် ပထမအကြိမ်အဖြစ် မြန်မာ့ပင်လယ်ပြင်နှင့် ရေထုညစ်ညမ်းမှုအန္တရာယ်၊ဒုတိယအကြိမ်အဖြစ် မေ ၄ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိကောင်းစရာများ၊တတိယအကြိမ်အဖြစ် ဇူလိုင် ၆ ရက်တွင် အာဆီယံနှင့် မြန်မာ့စီးပွားရေးစကားဝိုင်းများပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ် ၂၂ ရက်တွင်ပြုလုပ်သည့် အစားအသောက်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုစကားဝိုင်းသည် စတုတ္ထအကြိမ်ပြုလုပ်သော စကားဝိုင်းဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**




ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

## (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

(၁၃)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ရှိ Ngwe Saung Yacht Club and Resort ၌ ယနေ့တွင်ကျင်းပရာ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။



(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စုံညီအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အစည်းအဝေးကို အာဆီယံသီချင်း ASEAN Anthem ဖြင့် စတင်ဖွင့်လှစ်ပြီး အာဆီယံအဖွဲ့ကို တည်ထောင်ခဲ့စဉ်က ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သည့် အပြင်စင်ကာပူနိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ မစ္စတာလီကွမ်ယူ ကွယ်လွန်မှုအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ခန့် မတ်တတ်ရပ်၍ ဂုဏ်ပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးသဘာပတိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များ၊ ၂၀၂၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်မူကြမ်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် အတွင်း ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် အကောင်အထည်ဖော်မှုဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ၊ ASEAN Communication Master Plan အာဆီယံပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ပင်မစီမံကိန်းနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ညနေပိုင်း အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ သုံးဖွဲ့ဖြစ်သည့် ဒစ်ဂျစ်တယ် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (ADB)၊ ရုပ်သံအစီအစဉ်နှင့် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ (WGCP)နှင့် သတင်းအချက်အလက် မီဒီယာနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (WGIMT)တို့မှ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ အစီရင်ခံစာများကို တင်ပြကြရာ တက်ရောက်လာကြသည့် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ASEAN COCI စီမံကိန်းများနှင့် ပတ်သက်ပြီး လက်ရှိ အာဆီယံပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ (၁၅)ကြိမ်မြောက် ပြန်ကြားရေးဆပ်ကော်မတီ၏ အစီရင်ခံစာနှင့် (၄၉)ကြိမ် မြောက် COCI အစီရင်ခံစာတို့ကို တင်ပြကြသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ASEAN COCI ပြုပြင်ပြောင်းလဲမှု ဖွဲ့စည်းရေးဆိုင်ရာ ရည်ညွှန်းချက်အသစ်များကို တင်ပြဆွေးနွေးအတည်ပြုချက် ရယူကြသည်။

ထို့နောက် အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြန်ကြားရေး စီမံကိန်းများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံမှ ASEAN-China Cooperation Through Information and Media လုပ်ငန်းစီမံချက်များကို တင်သွင်းခဲ့ကြပြီး မလေးရှားနိုင်ငံကလည်း ASEAN+3 နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဂျပန်နှင့် ကိုရီးယားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြန်ကြားရေးစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးကြကာ အစည်းအဝေး ဒုတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက် ဆွေးနွေးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ပြည်တွင်းရေးရာ

**ကျောဖုံးမှ**

လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေး၊ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ(၇)ခုအား သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကဏ္ဍများအနက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံရေးကဏ္ဍ လျင်မြန်စွာ ရလဒ်ကောင်းများရရှိရေးအတွက် **ကုန်သွယ်မှုနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့**အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါအထူးလုပ်ငန်းအဖွဲ့သည် ကုန်သွယ်မှုနှင့်စီးပွားရေးလုပ်ငန်းများ၏ လက်ရှိစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အစိုးရ ပုဂ္ဂလိက အပြန်အလှန် ညှိနှိုင်းပေါင်းစပ်မှုများဖြင့် လုပ်ငန်းတိုင်းမှ ပို့ကုန်ဝင်ငွေ တိုးတက်ရရှိရေးအတွက် ယှဉ်ပြိုင်အကျိုးကျေးဇူးများနှင့် အလားအလာများအား ရှာဖွေလျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum- MDCF)၌ အမျိုးသားပို့ကုန် မဟာဗျူဟာ ပေါ်ပေါက်လာရေးအား စတင်အုတ်မြစ်ချမှတ်ခဲ့ပြီး တစ်နှစ်အတွင်း ကဏ္ဍ ၁၁ ခုအတွက် အသေးစိတ်မဟာဗျူဟာများ ရေးဆွဲဖော်ထုတ်နိုင်ပြီဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာသည် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အမယ် ချဲ့ထွင်တင်ပို့နိုင်ရေးတို့အတွက် လမ်းပြမြေပုံတစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ မဟာဗျူဟာအစီရင်ခံစာပေါ်ထွက်လာရေး အကူအညီပေးခဲ့သည့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)၊ ဂျာမနီနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန(BMZ)နှင့် ဂျာမနီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(GIZ)တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသော အခြားနိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ပို့ကုန်မဟာဗျူဟာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်သည့် လုပ်ငန်းနယ်ပယ်များအား ရှင်းလင်းတိကျစွာ ဖော်ပြထားပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာအကဲဖြတ်လမ်းညွှန်မှုပေးနိုင်ရန် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား တည်ထောင်ထားပြီး ဖြစ်ပါကြောင်း။

အမျိုးသားပို့ကုန်မဟာဗျူဟာအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အရေးကြီးသည့်အချိန် ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်နေသည့်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပါဝင်ပတ်သက်သူများအားလုံး လုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်တစ်လျှောက် တက်ကြွစွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက်မှ ရရှိခဲ့သည့် အမျိုးသားပို့ကုန်မဟာဗျူဟာမှတစ်ဆင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအား ဖော်ဆောင်နိုင်မှာ ဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာအား ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး အချိုးကျတိုးတက်ရေးဆိုသည့် မိမိတို့၏ အဓိကရည်မှန်းချက်များကိုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ထိုမှတစ်ဆင့် **"မြန်မာနိုင်ငံသည် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့"** ဆိုသည့်မျှော်မှန်းချက်အား အောင်မြင်စွာရောက်ရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာအမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူးမစ္စ အရန်ချာဂွန်ဇာလက်၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Petra Schillနှင့် ကမ္ဘာ့ဘဏ်မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ulrich Zachau တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး မစ္စ အရန်ချာဂွန်ဇာလက်တို့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် "ဆီထွက်သီးနှံကဏ္ဍအပေါ် အစားအစာလုံခြုံစိတ်ချရမှုနှင့် အပင်နှင့်ပိုးမွှားရောဂါ ကာကွယ်ရေးအစီအမံများဆိုင်ရာစီမံကိန်း"နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယသမ္မတက မြန်မာနိုင်ငံအမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများတွင် ကူညီပံ့ပိုးခဲ့ကြသည့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူးမစ္စ အရန်ချာဂွန်ဇာလက်၊ ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Petra Schill နှင့် နယ်သာလန်နိုင်ငံ ဖွံ့ဖြိုးဆဲနိုင်ငံများ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာနမှ အာရှဖွံ့ဖြိုးရေးအကြီးအကဲ Ms. Anne Kempers တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။



**ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာနိုင်ငံအမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများတွင် ကူညီပံ့ပိုးသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံအမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

# ကဝမြို့နယ်၌ နွေစပါးပုလဲသွယ်ဧက ၁၀၀ စံပြကွက် ရိတ်သိမ်း

**ကဝ မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ခမွန်ကံကြီးကျေးရွာတွင် နွေစပါးပုလဲသွယ် ဧက ၁၀၀ စံပြကွက် စိုက်ပျိုးခဲ့ရာ ကွင်းအမှတ်(၁၀၃၈) ဦးပိုင်(၄၆)ရှိ တောင်သူ ဦးပေါက်တူး၏ ပုလဲသွယ်စံပြကွက်တွင် မတ် ၂၄ ရက်နံနက်က စံကွက်ရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါရိတ်သိမ်းပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်နှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဌာနမှ ဝန်ထမ်းများ၊ ကဝမြို့နယ်အတွင်း ခြောက်အုပ်စုမှ တောင်သူများ စုစုပေါင်းအင်အား ၂၂၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က ပဲခူးတိုင်းဒေသကြီးအတွင်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ဧကများ တဖြည်းဖြည်းတိုးချဲ့စိုက်ပျိုးနိုင်မှုအခြေအနေ၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပုလဲသွယ်စပါးမျိုးထုတ်လုပ်နိုင်မှု အခြေအနေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏အဓိကတာဝန် (၃)ရပ်အနက် Seed Production ကို ပဲခူးတိုင်းဒေသကြီးအတွင်း စီမံချက်များချမှတ်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ပုလဲသွယ် အထူးအထွက်ကောင်းစပါးများ စိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP)ကို တိတိကျကျလိုက်နာ ဆောင်ရွက်ကြရန်နှင့် ယနေ့စံကွက်ရိတ်သိမ်းပွဲကျင်းပသည့် တောင်သူ ဦးပေါက်တူး၏ ပုလဲသွယ်စံပြကွက်များ၏ အားသာချက်များနှင့် GAP စနစ်ဖြင့် ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် စိုက်ပျိုးရေး၊ မြေစာရင်းနှင့် စက်မှုလယ်ယာတို့ပူးပေါင်းပြီး စံကွက်ရိတ်သိမ်းပွဲကို ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် တင်း ၁၉၀ နှုန်းထွက်ရှိကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များ အကောက်ခွန်ရှင်းလင်းထုတ်ပေးနေ

**ရန်ကုန် မတ် ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေ ၄၃၂၉၅၃ ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ကျပ် ၅၉၀၆၈၃ ဒသမ ၆၃ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ကျပ် ၅၅၄၉၄၅ ဒသမ ၀၆ သန်း စုစုပေါင်း ကျပ် ၁၁၄၅၆၂၈ ဒသမ ၆၉ သန်း ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၁၇၃၀၆ စီး၊ ကားအရောင်းပြခန်းများအတွက် ၉၄၇၄၁ စီး၊ သဘော်သားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၁၄၉၂၄ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းလှိုင်)**

**မြန်မာမှ**

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဥရောပငါးနိုင်ငံတွင် တစ်လကျော်သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ဆားဘီးယားနိုင်ငံအပြီးတွင် ဂျာမနီ၊ နယ်သာလန်၊ ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(က)၌ အမေရိကန်၊ ယူကရိန်း၊ နယူးဇီလန်အသင်းတို့နှင့်လည်းကောင်း၊ ဆားဘီးယားအသင်းမှာ အုပ်စု(ဃ)၌ မက္ကဆီကို၊ ဥရုဂွေး၊ မာလီအသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

# ကျိုက်မရောမြို့နယ်၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်မရော မတ် ၂၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၈ သန်းဖြင့် ကျေးရွာပေါင်း ၁၅ ရွာတွင် ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မတ် ၁၆ ရက်က မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်၊ မြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးသည်။ ထို့ပြင် ကျိုက်မရောမြို့နယ်တွင် ယူနီဆက်အဖွဲ့ထောက်ပံ့ငွေကျပ် ၁၈ သန်းဖြင့် ကျေးရွာခြောက်ရွာတွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse – 2 ၏ နည်းပညာသစ်များသည် နောင်အနာဂတ်အတွက် ကောင်းမွန်သည့်နည်းပညာတိုးတက်မှုဖြစ်

အမေး၊ အရေး
မင်းမင်းဇော်
အောင်သူရ
ဓာတ်ပုံ-တင်မောင်

မန္တလေး မတ် ၂၅

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် **Solar Impulse – 2** သည် ကမ္ဘာတစ်ပတ်ခရီးစဉ်အဖြစ် မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံချုံကျင်းလေဆိပ်သို့ ဆက်လက်ပျံသန်းနိုင်ရန် စီစဉ်လျက်ရှိသည်။

ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော် ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး သည် တိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်အစည်းအဝေးတတိယနေ့မကျင်းပမီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းရပ်နားလျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် **Solar Impulse – 2** အား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကြည့်ရှုလေ့လာခဲ့ကြသည်။ အဆိုပါလေယာဉ် **Solar Impulse – 2** နှင့်ပတ်သက်၍ လေ့လာခဲ့ကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏အမြင်များကို ရေးသားတင်ပြလိုက်ရပါသည်။


ဦးအောင်ဌေးကျော်


ဗိုလ်မှူးတင်လှိုင်


ဒေါက်တာကျော်လှ

**ဦးအောင်ဌေးကျော်**
**(ဒုတိယဥက္ကဋ္ဌ၊**
**မန္တလေးတိုင်းဒေသကြီးလွှတ်တော်)**

တိုင်းဒေသကြီးလွှတ်တော် (၁၂) ကြိမ်မြောက်အစည်းအဝေးကျင်းပချိန်နဲ့ တိုက်ဆိုင်နေတော့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့အစီအစဉ်နဲ့ လာရောက်လေ့လာခြင်းဖြစ်ပါတယ်။ လောင်စာစွမ်းအင်တွေ လိုအပ်နေချိန်မှာ ဆိုလာစွမ်းအင်သုံးလေယာဉ်ဆိုတာ နည်းပညာအသစ်အဆန်းဖြစ်တယ်။ ဆိုလာစွမ်းအင်သုံး မော်တော်ယာဉ်တွေ၊ မော်တော်ဆိုင်ကယ်တွေကို လက်တွေ့နယ်ပယ်မှာ မြင်တွေ့ရပေမယ့် ဆိုလာစွမ်းအင်သုံးလေယာဉ်အနေနဲ့ကတော့ ဒါပထမဦးဆုံးပဲပေါ့။ အခုလို ဆိုလာစွမ်းအင်သုံး လေယာဉ်တွေကို ခရီးသည်တင်ဆောင်နိုင်တဲ့ လေယာဉ်တွေအထိ တည်ဆောက်သွားနိုင်အောင် ရည်ရွယ်ထားပုံရပါတယ်။ အဲလိုဖြစ်လာလိမ့်မယ်လို့လဲ မျှော်လင့်ထားပါတယ်။

**ဗိုလ်မှူးတင်လှိုင်**
**(မန္တလေးတိုင်းဒေသကြီး**
**တပ်မတော်သား**
**လွှတ်တော်ကိုယ်စားလှယ်)**

ဒီနေရောင်ခြည် စွမ်းအင်သုံး လေယာဉ်နည်းပညာတွေကို စွမ်းအင်အစားထိုး နည်းပညာတိုးတက်မှုလို့ မြင်ပါတယ်။ ဒီဆိုလာနည်းပညာတွေဟာ နောင်အနာဂတ်အတွက် တိုးတက်တဲ့နည်းပညာတွေနဲ့ တကယ်တီထွင်သင့်တဲ့ကိစ္စမျိုးဖြစ်ပါတယ်။ ရေနံဆိုတာ သဘာဝတွင်းထွက်ကနေရတယ်၊ ရေနံနေရာကို ဂက်စ်တွေ အစားထိုးလာနိုင်တယ်။ အခုဆိုလာကို တွင်တွင်ကျယ်ကျယ်သုံးနိုင်အောင် တီထွင်နေကြတယ်။ အရင်က ဆိုလာကို ဘက်ထရီလောက်ပဲသုံးကြတာ။ ဆိုလာနဲ့ ကားမောင်းနိုင်တယ်၊ မီးအလင်းအဖြစ် သုံးနိုင်တာကနေ ကမ္ဘာကိုပတ်တဲ့ လေယာဉ်အထိ ဖြစ်လာပြီဆိုတော့ နောင်အနာဂတ်လူသားတွေအတွက် ကောင်းသောနည်းပညာတိုးတက်မှုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက်လည်း နည်းပညာရယူတီထွင်သင့်တယ်။ တီထွင်မှုဆိုတာ မရှိမှုကလာတယ်လို့ ဆိုတယ်။ နေရောင်ခြည်ကနေ လေယာဉ်မောင်းနှင်နိုင်တယ်ဆိုတာ မယုံကြည်နိုင်စရာပါ။ ဒါပေမယ့် ဒါကို အခုလက်တွေ့မြင်ရတယ်။ လေ့လာရတယ်ဆိုတဲ့အတွက် နည်းပညာအနေနဲ့ တန်ဖိုးမဖြတ်နိုင်ပါဘူး။

**ဒေါက်တာကျော်လှ**
**(မန္တလေးတိုင်းဒေသကြီး**
**လွှတ်တော်ကိုယ်စားလှယ်)**

Solar Impulse – 2 လေယာဉ်အဖွဲ့သားတွေနဲ့ အပြန်အလှန်မေးခွန်းတွေ မေးမြန်းခဲ့ရတယ်။ အခုပျံသန်းမယ့်ခရီးစဉ်အတွက် လေယာဉ်ရော အခြားကုန်ကျစရိတ် စုစုပေါင်းရင် အမေရိကန်ဒေါ်လာသန်း ၁၃၀ လောက် ကုန်ကျမယ်လို့သိရတယ်။ ဒုတိယအနေနဲ့ ဘယ်အချိန်ကာလမှာ ဒီလိုဆိုလာလေယာဉ်နဲ့ ခရီးသည်အပါအဝင် ကုန်စည်တွေကို တင်ဆောင်ပျံသန်းနိုင်မလဲလို့ မေးကြည့်တဲ့အခါ အဲဒီမေးခွန်းကို အတိအကျဖြေဖို့ မလွယ်သေးဘူးလို့ ပြောပါတယ်။ အခုအခါ သိပ္ပံနည်းပညာ တိုးတက်လာတာကြောင့် ဆိုလာလေယာဉ်တွေကလည်း ခရီးသည်နဲ့ ကုန်စည်တွေကို တင်ဆောင်နိုင်လာလိမ့်မယ်လို့ ယုံကြည်တယ်။ ဆိုလာနည်းပညာဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိတဲ့အတွက် တစ်ကမ္ဘာလုံးက မျှော်လင့်နေကြမှာပါ။ ■

# သကြၤန်ကာလ မူးယစ်အန္တရာယ် အသိပညာပေးဟောပြော

ခရမ်း မတ် ၂၅

သင်္ကြန်ကာလအတွင်း မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းချမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို ခရမ်းမြို့နယ် မူး/စိတ်တားအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က ဦးဆောင်၍ ခရမ်းမြို့နယ် (၂)ရပ်ကွက် မြို့နယ်ထွေ/အုပ်ရုံး ပြဟ္မစိုရ်ခန်းမ၌ မတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်ကအမှာစကားပြောကြားပြီး မြို့နယ် မူး/စိတ်တားအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလွင်က မူခင်းကြိုတင်ကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ မူးယစ်တပ်စု (၄၃)မှ ဒုရဲမှူး သိန်းလွင်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏အန္တရာယ်၊ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းဆိုင်ရာ ပြစ်မှု/ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောသူရိန်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူ့ခန္ဓာကိုယ်တွင် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်းကို လည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ကြသည်။



အခမ်းအနားသို့ ခရမ်းမြို့မရဲစခန်းမှူး ဒုရဲမှူးခင်စိုး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအမှုဆောင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ ဆိုင်ပိုင်ရှင်များ၊ ရောင်းချသူများ၊ ရပ်ကွက်အတွင်းမှ စိတ်ပါဝင်စားမှုရှိသော လူငယ်များ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(ကိုထက်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ** နှင့် **လမ်းပြကြယ်ပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်၊ (၄၀×၄၁)နှင့် (၆၇×၆၈)လမ်းကြား၊ ကံ့ကော်လမ်း၊ အမှတ်(ခ-၁/၇၀-ခ) တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၃-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ အလံပုံစံ**



**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အလင်းရောင်(၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၅၃၆)တွင် ပါတီရုံးချုပ်တည်ရှိသော **လမ်းပြကြယ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၃-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လမ်းပြကြယ်ပါတီ၏ အလံပုံစံ**



**လမ်းပြကြယ်ပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြုပြင်ပြောင်းလဲမှုသည် အားကောင်းသော စီးပွားရေးဖွံ့ဖြိုးမှု ဖြစ်စေခဲ့

## စီးပွားရေး စွမ်းဆောင်နိုင်မှု ပါဝင်သည့် မြန်မာနိုင်ငံအတွက် ၂၀၁၅ အစီရင်ခံစာ အာရှဖွံ့ဖြိုးရေးဘဏ်ထုတ်ပြန်

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)၏ ၂၀၁၅ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် နှစ်အနည်းငယ်အတွင်း အားကောင်းသော ဖွံ့ဖြိုးမှုများဖြစ်စေခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီတိုးတက်မှုမှာ ၇ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကာ ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ အားကောင်းကျယ်ပြန့်လာခြင်းကို ထင်ဟပ်လျက်ရှိကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

"လက်ရှိဖြစ်တည်နေတဲ့ ပြုပြင်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ တိုးတက်ကောင်းမွန်လာတဲ့ စီးပွားရေးပတ်ဝန်းကျင်နဲ့ မြန်မာနိုင်ငံက အရှေ့တောင်အာရှဒေသတွင်းမှာ ပိုမိုပေါင်းစည်းလာနိုင်တာတွေကြောင့် ၂၀၁၆ ဘဏ္ဍာနှစ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ၈ ရာခိုင်နှုန်းအထက်မှာ ရှိနေဦးမယ်" ဟု အေဒီဘီ၏ မြန်မာ နိုင်ငံဆိုင်ရာ ဒုတိယဌာနေ ကိုယ်စားလှယ် ပီတာဘရင်းဘဲလ်က ပြောသည်။

နိုင်ငံတော်အစိုးရ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၊ ရန်ကုန်နှင့်မန္တလေးတို့ရှိ အိမ်ရာစီမံကိန်းများက ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တွန်းအားပေးမောင်းနှင်မှုတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း တစ်ပတ်လျှင် အထည်ချုပ်စက်ရုံ တစ်ရုံနှင့်အထက် အသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး FDI မြင့်တက်လာခြင်းကြောင့် ကုန်ထုတ်လုပ်ငန်းများ အကျိုးကျေးဇူးဖြစ်ထွန်းစေခြင်း ဖြစ်သည်။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးမှုတွင် ၂၀၁၄ ခုနှစ်တွင် ယမန်နှစ်ကထက် ကမ္ဘာလှည့်ခရီးသွားဦးရေ ၅၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ သဘာဝဓာတ်ငွေ့ဆိုင်ရာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀ တိုးတက်လာပြီး ၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်းသို့တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံ ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းနှင့်အလုပ်အကိုင်အားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်ရှိသော စိုက်ပျိုးရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုခိုင်မာနေပြီး ၂၀၁၄ ခုနှစ် ပထမ ကိုးလတွင်း စီးပွားရေးလုပ်ငန်းမှတ်ပုံတင်မှု ၁၀ ရာခိုင်နှုန်းတိုးတက်လာပြီး ကုမ္ပဏီများ မှတ်ပုံတင်လုပ်ငန်းစဉ် ကြာမြင့်ချိန်ကို ၇၂ ရက်မှ သုံးရက်သို့ လျှော့ချနိုင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍချေးငွေများ လျင်မြန်စွာ ဆက်လက်တိုးတက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ သုံးပုံတစ်ပုံမှာ ဆက်သွယ်ရေးလုပ်ငန်းများဖြစ်ပြီး ၂၀၁၃ တွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံရှိရာမှ ၂၀၁၄ တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ FDI တိုးတက်လာခဲ့သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ အိမ်ခြံမြေ၊ ဟိုတယ်နှင့် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများ အချိုးကျပါဝင်လျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုမှာ အနည်းဆုံးဖြစ်ကာ တစ် ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်း သိရသည်။

အေဒီဘီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဗင်းဖရက်ဗခ်ကလိုင်းက "မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်ကြောင့် ကြီးမားတဲ့ တိုးတက်မှုအရှိန်တွေ ရရှိအောင် ဆောင်ရွက်နိုင်ပေမယ့် အခြေခံအဆောက်အအုံ၊ စီမံအုပ်ချုပ်မှုနဲ့ အများပြည်သူဆိုင်ရာ ကဏ္ဍတွေမှာ စွမ်းဆောင်မှုအားကောင်းစေဖို့၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့၊ သက်ဝင်လှုပ်ရှားတဲ့ ပုဂ္ဂလိက ကဏ္ဍတည်ဆောက်ဖို့နဲ့ စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ရှင်သန်အားကောင်းလာစေဖို့စတဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့လည်း ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါတယ်"ဟုပြောသည်။

မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၇၃ ခုနှစ်တွင် ပါဝင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ချေးငွေ၊ နည်းပညာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အေဒီဘီ၏ ပံ့ပိုးကူညီမှုများ ပြန်လည်စတင်ခဲ့ပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်စီးပွားရေး အလားအလာဆိုင်ရာ အစီရင်ခံစာကို နှစ်စဉ်သုံးသပ်ရေးဆွဲလျက်ရှိသည်။ ၂၀၁၃-၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၄၅၀ အထိ မြန်မာ့ဖွံ့ဖြိုးရေးဆိုင်ရာ ချေးငွေများထုတ်ချေးသွားနိုင်ရန် အေဒီဘီက စီစဉ်ထားပြီး ချေးငွေပမာဏကို နှစ်စဉ်တိုးမြှင့်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**(မိုးသူဇာစိုး)**

❒❒❒

# ထိုင်းနိုင်ငံရှိ Webster တက္ကသိုလ်သို့ တက်ရောက်၍ ကျောင်းခွဲများသို့လည်း ပြောင်းရွှေ့ပညာသင်ကြားနိုင်

**ရန်ကုန် မတ် ၂၅**

အမေရိကန်နိုင်ငံအခြေစိုက် ထိုင်းနိုင်ငံရှိ Webster တက္ကသိုလ်တွင် ပညာသင်ကြားခြင်းဖြင့် နိုင်ငံတကာတွင် ဖွင့်လှစ်ထားသော Webster ကျောင်းခွဲများသို့လည်း ယခုနှစ်တွင် ပြောင်းရွှေ့ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း Myanmar Search International မှ သတင်းရရှိသည်။




မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများ ပညာသင်ဆုများဖြင့် အများဆုံးသွားရောက် ပညာသင်ကြားလေ့ရှိသော ထိုင်းနိုင်ငံ Hua-Hin ရှိ အမေရိကန်နိုင်ငံမှ လာရောက်ဖွင့်လှစ်ထားသည့် Webster တက္ကသိုလ်သည် ၂၀၁၅ ခုနှစ်မှစတင်ကာ Study Abroad Program အစီအစဉ်ကို ထိုင်းနိုင်ငံရှိ Webster တက္ကသိုလ်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး အဆိုပါ အစီအစဉ်မှာ နိုင်ငံတကာတွင် ဖွင့်လှစ်ထားသော Webster တက္ကသိုလ်ကျောင်းခွဲများသို့ တစ်နှစ်တာ ပြောင်းရွှေ့ပညာသင်ယူခွင့်ရရှိခြင်းပင်ဖြစ်သည်။ ကျောင်းခွဲများသို့ ပြောင်းရွှေ့ ပညာသင်ယူလိုသော ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတက်ရောက်ခဲ့သော မူရင်းတက္ကသိုလ်နေရာ၏ ကျောင်းလခဖြင့် သွားရောက် တက်ရောက်နိုင်မည်ဖြစ်ပြီး တက်ရောက်မည့် နိုင်ငံ၏ နေထိုင်စားသောက်စရိတ်သာ ကုန်ကျမည်ဖြစ်ကြောင်း Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ကပြောသည်။

"မြန်မာကျောင်းသား ကျောင်းသူတွေကို ပညာသင်ဆုတွေ ပေးနေပါတယ်။ ၂၀၁၅ အတွက် ပညာသင်ဆုလျှောက်ချင်တဲ့ ကျောင်းသားတွေကို ဆောင်ရွက်ပေးပါတယ်။ အမေရိကန်ဒီဂရီကို ထိုင်းနိုင်ငံမှာ ကုန်ကျစရိတ်အသက်သာဆုံးနဲ့ အရည်အသွေးပြည့်ပြည့် ရရှိနိုင်ပါတယ်။ ပညာသင်ဆုတွေရှိတဲ့အပြင် Study Abroad Program ကိုပါ ပူးတွဲခံစားခွင့်ရမှာပါ။ ထိုင်းနိုင်ငံကို ခြေကုပ်ယူထားပြီး ကုန်ကျစရိတ်များပြားတဲ့ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်တို့လို နိုင်ငံမျိုးကို ထိုင်းနိုင်ငံရဲ့ ကုန်ကျစရိတ်နဲ့ သွားရောက်ပညာသင်ပြီး ဒီအခွင့်အရေးကို ယူသင့်ပါတယ်။ သွားတဲ့အခါမှာလည်း လေယာဉ်လက်မှတ် အသွားအပြန်စရိတ်ကို Webster တက္ကသိုလ် (ထိုင်းနိုင်ငံ)က အပြည့်အဝထောက်ပံ့ပေးမယ်"ဟု ၎င်းကပြောသည်။

Webster တက္ကသိုလ်သည် ထိုင်းနိုင်ငံအပြင် ပင်မကျောင်းအဖြစ် အမေရိကန်နိုင်ငံ St.Louis, Missouri နှင့် ကျောင်းခွဲများဖြစ်သော Accra (အာဖရိက)၊ Geneva (ဆွစ်ဇာလန်)၊ Leiden (နယ်သာလန်)၊ London (အင်္ဂလန်)၊ Shanghai (တရုတ်)၊ Vienna (ဩစတြီးယား)၊ Osaka (ဂျပန်)၊ Guadalajara (မက္ကဆီကို) နိုင်ငံတို့တွင်လည်း ဖွင့်လှစ်ထားပြီး စုစုပေါင်းကျောင်းခွဲ ၁၀ ခုဖြင့် နှစ်ပေါင်း ၁၀၀ ကျော်ရပ်တည်ခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ကြောင်း သိရသည်။ ၁၉၁၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းရှိ ကျောင်းများတွင် ထိပ်တန်းအဆင့် အကောင်းဆုံးကျောင်းအဖြစ် ပါဝင်၍ US News နှင့် World Report တို့မှ တရားဝင်စာရင်းပေးသွင်းသတ်မှတ်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံမှ ကျောင်းသားများအပါအဝင် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိသည်ဟု သိရသည်။

**(ဝဝ၁)**

❒❒❒

# မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ချီဖွေ၊ ဆော့လော်၊ မိုးကောင်း |
| ၂။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး |
| ၄။ | မကွေးတိုင်းဒေသကြီး | မင်းတပ်၊ စေတုတ္တရာ၊ အောင်လံ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | မလှိုင်၊ မတ္တရာ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ ဖျာပုံ၊ ဘိုကလေး |

**(ကြေးမုံ)**

# တယ်လီဖုန်းသုံးစွဲသူများသို့ အသိပေးတင်ပြချက်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အော်တိုတယ်လီဖုန်းအိတ်ချိန်းများကို ပိုမိုကောင်းမွန်သည့် ခေတ်မီ Multi Service Acess Node (MSAN) အိတ်ချိန်းဖြင့် အဆင့်မြှင့်တင်ပြီးဖြစ်ပါ၍ လက်ရှိသုံးစွဲလျက်ရှိသည့် ဂဏန်း ငါးလုံးနှင့် ဂဏန်းခြောက်လုံး တယ်လီဖုန်းနံပါတ်များအား ဂဏန်းခုနစ်လုံး နံပါတ်အသစ်များဖြင့် မတ် ၂၇ ရက်မှစ၍ အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသိပေးထားသည်။

| လက်ရှိနံပါတ် | ပြောင်းလဲမည့်နံပါတ် |
|---|---|
| 052-2xxxx | 052 -222xxxx |
| 052-20xxxx | 052-220xxxx |
| 052-30xxx | 052-2230xxx |

**(ကြေးမုံ)**

# သွေးချင်းညီအစ်ကိုမောင်နှမများ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မတ် ၂၅**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လောက်ကိုင်ဒေသတွင် အမိမြေ၏အချုပ်အခြာအာဏာကို သက်စွန့်ကြိုးပမ်းကာကွယ်ထမ်းဆောင်နေကြသော တရားသောစစ်ပွဲကို ဆင်နွှဲနေသည့် သားကောင်းဇာနည်အောင်စစ်သည်များအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ရန်ကုန်တိုင်းဒေသကြီး ပါတီကော်မတီဝင်များက ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ငွေကျပ် လေးသိန်းလှူဒါန်းပြီး ပါတီကဖွဲ့စည်းထားသည် "သွေးချင်းညီအစ်ကို မောင်နှမများ" သွေးလှူရှင်အဖွဲ့မှ အင်အား ၁၀၀ တို့က ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသောလူနာများအသုံးပြုရန် (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သင်္ကြန်ကာလ မန္တလေးကျွဲဆည်ကန်အဝေးပြေးယာဉ်ရပ်နားစခန်း ကားအသင်းအချို့ ရပ်နားမည်

**မန္တလေး မတ် ၂၅**

မန္တလေးမြို့ ကျွဲဆည်ကန် အဝေးပြေးယာဉ်ရပ်နားစခန်းဖြစ်သော ချမ်းမြရွှေပြည် ကားဝင်းအတွင်းမှ ကားအသင်းများ လာမည့် ၁၃၇၆ ခုနှစ် သင်္ကြန်ကာလအတွင်း သင်္ကြန်အကြိုနေ့မှစတင်၍ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ အောက်ပါကားအသင်းများ ရပ်နားမည်ဖြစ်ကြောင်း သိရသည်။ ရပ်နားမည့်ကားအသင်းများမှာ ခြသေ့်မင်း၊ မင်းလက်ဝါး၊ မြတ်မန္တလာထွန်း၊ ရွှေမြန်မာ၊ ဂျိုးဖြူ နယူး၊ မန္တလာထွန်း၊ မန်းသစ္စာ၊ တိုင်းလုံးကျော်၊ မြသရဖူ၊ ကောင်းမြတ်မန်း၊ တောင်ပေါ်သား၊ အောင်နိုင်သူ၊ မြသုံးလုံး၊ မန္တလာထွန်း၊ အားမာန်၊ ပိုးထက်အာကာ၊ ရာဇာထွန်း၊ မင်းသစ္စာ၊ JJ၊ Boss၊ မန်းရွှေပြည်၊ ဇေယျာရွှေပြည်၊ GI Group၊ တက်လမ်း၊ ခိုင်မန္တလေး၊ စည်းစိမ်ရှင်၊ မန်းရာဇာ၊ ကောင်းကင်၊ ရွှေမန္တလာထွန်း၊ လုမ္ဗိနီ၊ အာကာသ၊ Elite၊ ရာဇာအောင်၊ ရွှေစကြာ၊ ရွှေလီဦး၊ ဇာနည်ဘွား၊ ထက်ဦး၊ ရွှေနန်းတော်၊ စေတမန်၊ တော်ဝင်မန္တလာ စသည့်ကားများ ရပ်နားမည်ဖြစ်ကြောင်း ဂိတ်မှူးများထံမှ သိရသည်။ "အခါတွင်းဆို ကျွန်တော်တို့ကားအသင်း အတော်များများ နားကြပါတယ်။ နှစ်ဆန်းနှစ်ရက်နေ့မှပဲ ကားတွေပြန်ပြေးဆွဲပါတယ်။ ကားတစ်စီးလုံးငှားချင်ရင် ဧပြီ ၁၁ ရက်နောက်ဆုံး စာရင်းပေးရပါမယ်" ဟု ကားအသင်းများ၏ ဂိတ်မှူးများထံမှ သိရသည်။

**မောင်မောင်စိုး (မြစ်ငယ်)**

# ရန်ကုန်-ပန်းတနော် အသွားအပြန်ခရီး တပ်မတော်နေ့တွင် စက်ဘီးစီးနင်းကြမည်



**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြို့မှ ပန်းတနော်မြို့သို့ စက်ဘီးဖြင့် အသွားအပြန်ခရီး စီးနင်းမှုကို တပ်မတော်နေ့ဖြစ်သော လာမည့် မတ် ၂၇ ရက် နံနက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်ဘီးစီးဝါသနာရှင်များကွန်ရက် (BNM) မှ သိရသည်။

အဆိုပါခရီးစဉ် အစအဆုံးမှာ ၁၉၆ ကီလိုမီတာ ကွာဝေးမည်ဟု သိရပြီး BNMအနေဖြင့် (၁၀) ကြိမ်မြောက် ခရီးဝေးစီးနင်းသော အစီအစဉ်လည်းဖြစ်သည်။ ထိုခရီးစဉ်အတွက် စက်ဘီးစီးနင်းလိုက်ပါလိုသော စက်ဘီးဝါသနာရှင်များကို ဖိတ်ခေါ်ထားလျက်ရှိပြီး ယင်းနေ့နံနက် ၅နာရီခွဲတွင် အင်းစိန်မြို့နယ် လမ်းသစ်လမ်းတွင်ရှိသော ရွှေကောင်းကြွယ်ဆိုင်အရှေ့မှ စတင်ထွက်ခွာမည်ဖြစ်ရာ နံနက် ၅ နာရီအရောက်လာရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

"BNM အနေနဲ့ အခါကြီးရက်ကြီးတွေမှာ အခုလိုမျိုး ရန်ကုန်အနီးတစ်ဝိုက်ဒေသတွေကို စုပေါင်းပြီး စက်ဘီးစီးနင်းလေ့ရှိပါတယ်။ ခရီးစဉ်တိုင်းတော့ ပျော်ပျော်ရွှင်ရွှင်ပါပဲ။ နေ့တ်ဘက်ကို စီးတုန်းက လမ်းကလည်းကြမ်းတယ်၊ မှတ်မှတ်ရရပါပဲ" ဟု ယင်း BNM မှ ဦးညီက ရှင်းပြသည်။ ဇန်နဝါရီလအတွင်းက ရန်ကုန်မြို့မှ ၇၅ မိုင် ကွာဝေးသော ဖျာပုံမြို့သို့ စုပေါင်း၍ စက်ဘီးစီးနင်းခဲ့ကြသလို ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ဘလုတ်ညွန့်ရပ်ကွက် မီးဘေးသင့်ပြည်သူများထံသို့လည်း စက်ဘီးဖြင့် သွားရောက်ကာ လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

ထိုစက်ဘီးစီးဝါသနာရှင်များသည် မော်ဘီ၊ သန်လျင်၊ ကျောက်တန်း၊ တွံတေး၊ ငါးဆူတောင်၊ ညောင်တုန်း၊ ဖျာပုံ၊ ပဲခူး၊ တိုက်ကြီး၊ ဖူးကြီးဆည်၊ ဆယ့်တစ်ကုန်း(Eleven Hills) စသော ခရီးစဉ်များသို့လည်း စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

# ချောက်မြို့နယ် ထိန်ကန်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ချောက် မတ် ၂၅**

ချောက်မြို့နယ် ထိန်ကန်ကျေးရွာနေ ဦးသန်းမောင်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၄၂ လုံး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက မီးသတ်ယာဉ်ငါးစီး၊ ရေနံမီးသတ်ယာဉ်တစ်စီး၊ ဆိပ်ဖြူမီးသတ်ယာဉ်တစ်စီး၊ မနောဖြူရေသယ်ယာဉ်တစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်ခြောက်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ၄၂ စု၊ လူဦးရေ အမျိုးသား ၉၀၊ အမျိုးသမီး ၉၀ စုစုပေါင်း ၁၈၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး မီးဘေးသင့်ပြည်သူများအား ဇီနမာန်အောင်ဘုန်းကြီးကျောင်းနှင့် နီးစပ်ရာဆွေမျိုးသားချင်း နေအိမ်များတွင် နေရာချထားပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မချို(ချောက်)**

# ရုပ်ရှင်အနုပညာချစ်မြတ်နိုးသူများအတွက် သရုပ်ဆောင်သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂၅**

ရုပ်ရှင်အနုပညာအား ချစ်မြတ်နိုးပြီး ရုပ်ရှင်သရုပ်ဆောင် ဝါသနာထုံကြသူများအတွက် သရုပ်ဆောင်သင်တန်းအား ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနာဂတ်ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များအား မွေးထုတ်ပေးရန်အတွက် စီစဉ်နေခြင်းဖြစ်ပြီး အဆိုပါသရုပ်ဆောင်သင်တန်းတက်ရန်အတွက် သင်တန်းဝင်ခွင့်လျှောက်လွှာများအား ဝယ်ယူလျှောက်ထားနိုင်ကြောင်း သိရကာ လက်ရှိသင်တန်းဝင်ခွင့်လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် တစ်ထောင်နှုန်းဖြင့် ဝယ်ယူလျှောက်ထားနိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လက်ရှိဇာတ်လမ်း၊ ဇာတ်ညွှန်းအခြေခံအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အသစ် ဒုဥက္ကဋ္ဌ(၁) ဦးအေးကြူလေးက "လက်ရှိသရုပ်ဆောင်သင်တန်းအတွက် သင်တန်းဝင်ခွင့်လျှောက်လွှာများကို ရောင်းချပေးနေပါတယ်။ ဖောင်ကတော့ မေ ၁၀ ရက်မှာ ပိတ်မှာပါ။ သတ်မှတ် စည်းမျဉ်းစည်းကမ်းလေးတွေ ရှိပါတယ်။ တင်လာတဲ့ ဓာတ်ပုံတွေအပေါ် မူတည်ပြီးတော့ ၅ လပိုင်းထဲမှာပဲ လူတွေ့စစ်ဆေးသွားမှာပါ။ ပြီးတော့ ၅ လပိုင်းကုန်တာနဲ့ သင်တန်းဖွင့်ဖို့ ရှိပါတယ်။ သင်တန်းကြေးကတော့ ငွေကျပ် သုံးသိန်း ပေးသွင်းရပါမယ်။ စာတွေ့ နှစ်လပြီးရင် လက်တွေ့ တစ်လတက်ရပါမယ်။ အဲဒီ လက်တွေ့ တစ်လတက်တဲ့အခါကျ စနေ၊ တနင်္ဂနွေနေ့ပါ တက်ရပါလိမ့်မယ်။ အဲဒီအခါကျရင်စာတွေ့၊ လက်တွေ့ အပြင် ကင်မရာ Teste တွေပါဝင်ပါလိမ့်မယ်" ဟုပြောသည်။

သရုပ်ဆောင်သင်တန်း တက်ရောက်ရန် ရွေးချယ်ခံရသူများအတွက် သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိကို နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ တက်ရောက်ကြရမည်ဖြစ်ကာ သင်တန်းတက်ရောက်ကြသည့် သူများအတွက်လည်း ဆင်တူဝတ်စုံဝတ်ဆင်ကာ တက်ရောက်နိုင်ရန်အတွက် သင်တန်းကြီးကြပ်ရေးကော်မတီမှစီစဉ်ပေးရန်ရှိနေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

**(စိုးဝင်း-MLA)**

# တစ်ပိုင်တစ်နိုင် ကျေးလက်မီးလင်းရေးဆောင်ရွက်

**ညောင်တုန်း မတ် ၂၅**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လမ်းညွှန်ချက်အရ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာသမဝါယမအသင်းပေါင်း ၁၁၉ သင်း ဖွဲ့စည်းပြီးဖြစ်၍ ကျေးရွာသမဝါယမ အသင်းသားများအတွက် ကျေးရွာမီးလင်းရေးလုပ်ငန်းအစီအစဉ်ကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဖေဖော်ဝါရီမှစ၍ ရွှေမြို့နယ်သမဝါယမအသင်း စံပြအရောင်းဆိုင်မှ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ တန်ဖိုးအားဖြင့် ငွေကျပ် ၂၂၀၀၀၀ ကို ငါးလအရစ်ကျစနစ်ဖြင့် ကျေးရွာသမဝါယမအသင်းများသို့ ရောင်းချပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်ဖြင့် ညောင်တုန်းမြို့နယ် ရွှေမြို့နယ်မသဝါယမအသင်းစံပြအရောင်းဆိုင်မှ မတ် ၂၃ ရက်အထိ ကျေးရွာသမဝါယမအသင်းရှစ်သင်းသို့ ရောင်းချပေးခဲ့ပြီးဖြစ်သည်။ ရောင်းချပြီးသည့် ရွာများတွင် တစ်ရွာလုံးနီးပါး ဆိုလာစနစ်ဖြင့် မီးလင်းနေကြပြီဖြစ်သည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျန်ရှိနေသေးသော ကျေးရွာသမဝါယမအသင်းများအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရွှေမြို့နယ်သမဝါယမအသင်း ဒါရိုက်တာအဖွဲ့ထံမှ သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# လိုင်စိတ်နိုးကြွစေသော ဆေးဝါးမရောင်းချရန် ဗိုလ်တထောင်မြို့နယ်၌ ဆွေးနွေး

**ရန်ကုန် မတ် ၂၅**

မဟာသင်္ကြန်ကာလအတွင်း မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ လိင်စိတ်နိုးကြွစေသောဆေးဝါးများ မရောင်းချရေးအတွက် ဆေးဆိုင်ပိုင်ရှင်များအားခေါ်ယူ၍ အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက်က ဗိုလ်တထောင်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝေက မူခင်းကြိုတင်ကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ ဒေါက်တာဇင်မင်းမင်းလတ်က အမျိုးသားဆေးဝါးဥပဒေအကြောင်း၊ လိင်စိတ်နိုးကြွစေသော စိတ်ကြွဆေးများ ရောင်းချခြင်းမပြုရေး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်အရေးယူသွားမည်ဖြစ်ကြောင်း ပညာပေးဆွေးနွေးခဲ့သည်။ **(ကြေးမုံ)**

# တာချီလိတ်၌ ဖမ်းဆီးရမိကွဲ့များကို လေလံတင်ရောင်းချ

**တာချီလိတ် မတ် ၂၅**

တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၃ ရက် နံနက် ၁၀ နာရီက ဖမ်းဆီးရမိသောကျွဲ ၁၆ ကောင်ကို လေလံတင်ရောင်းချပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ လေလံတင်ရောင်းချသော ကျွဲများကို လေလံဆွဲဝယ်ယူသူ လေးဦးရှိပြီး ဦးမျိုးမင်းထွန်းက ကျွဲကြီး ကိုးကောင်ကိုကျပ် ၄၇၃၅၀၀၀ ဖြင့်လည်းကောင်း၊ ကျွဲငယ် ခုနစ်ကောင်ကို ကျပ် ၁၅၃၅၀၀၀ ဖြင့်လည်းကောင်း စုစုပေါင်းကျွဲ ၁၆ ကောင်အတွက်ကျပ် ၆၂၇၀၀၀၀ဖြင့် လေလံအောင်မြင်ခဲ့သည်။ ထိုသို့ လေလံတင်ရောင်းချရငွေကျပ် ခြောက်ဆယ့်နှစ်သိန်းခုနစ်သောင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ၄၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ၅၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဖမ်းဆီးပေးသည့်အဖွဲ့ကို ဆုငွေချီးမြှင့်ရန် ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း ခွဲဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**


## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူ သုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်းတယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် (Digital) သတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ခြင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊
၀၆၇-၄၁၂၁၂၈

**အဆိုပြုလွှာတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပ
ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇


# မိုးရေချိန်စံချိန်သစ်

မတ် ၂၅ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်းများ၌ မတ်လ ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင် စံချိန်ကျိုး ခဲ့သည့်နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ပြင်ဦးလွင်မြို့ | ၆၂ | ၂. ၄၃ | ၃၄ | ၁. ၃၄ | ၁၆-၃-၂၀၀၅ | ၂၃ |
| ၂။ | ဟုမ္မလင်းမြို့ | ၅၁ | ၂. ၀၀ | ၄၀ | ၁. ၅၇ | ၂၄-၃-၁၉၉၈ | ၅၀ |

# ကျောင်းသား ယူ-၁၅ ဘောလုံးပြိုင်ပွဲ စတင်ယှဉ်ပြိုင်

သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို



**ရန်ကုန် မတ် ၂၅**

မျိုးဆက်သစ် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိပွန်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျောင်းသား Nippon Foundation U-15 Cup ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲပထမနေ့တွင် ရှမ်း(အရှေ့)၊ ရှမ်း(တောင်)နှင့် စစ်ကိုင်းတို့ နိုင်ပွဲများရခဲ့ပြီး စစ်ကိုင်းက ရှမ်း(အရှေ့)ကို ငါးဂိုး-နှစ်ဂိုး၊ ရှမ်း(တောင်)က တနင်္သာရီကို ခြောက်ဂိုးပြတ်၊ ရှမ်း(အရှေ့)က ရှမ်း(မြောက်)ကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲမစတင်မီ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် အားကစားဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်သည်။

ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် ချင်းနှင့်မွန်၊ ရှမ်း(အရှေ့)နှင့် ကချင်၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရခိုင်နှင့် ကယား၊ ပဲခူး(အရှေ့)နှင့် ရန်ကုန်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR(JGM) က ကြီးမှူးကျင်းပသော 6th JUNIOR GOLF MYANMAR TOURNAMENT 2015 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲကို မတ် ၂၂ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာကွင်း)၌ ကျင်းပသည်။

ဒုတိယနေ့ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက(၁၀)နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၃၄ ချက်ဖြင့် တတိယ လင်းဖြိုးသူ၊ စုစုပေါင်းရိုက်ချက် ၂၂၃ ချက်ဖြင့် ဒုတိယ ထွဋ်မြတ်သူ၊ စုစုပေါင်းရိုက်ချက် ၁၈၅ ချက်ဖြင့် ပထမ မင်းသံလွင်အောင်တို့အား လည်းကောင်း၊ Junior Golf Myanmar မှ ဦးချစ်ဆွေက (၁၂)နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၃ ချက်ဖြင့် တတိယ ဖြိုးဇံ၊ စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် ဒုတိယ စိုင်းအောင်စိုင်ဖ၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ပထမ သင်းဝေခိုင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟာန်က (၁၅)နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် တတိယ ရာဇာအောင်၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ဒုတိယ ဖူးပွင့်ရတီခိုင်၊ စုစုပေါင်းရိုက်ချက် ၁၅၂ ချက်ဖြင့် ပထမ ပြည့်မင်းရှိန်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က (၂၄)နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၀ ဖြင့် တတိယ ကျော်ဇင်ထွန်း၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ဒုတိယ မင်းနိုင်စိုး၊ စုစုပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် ပထမ ဟိန်းစည်သူတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# သေနတ်ပြဖမ်းဆီးခေါ်ဆောင်မှုနှင့် ပတ်သက်သူများအား ဖမ်းဆီး

**တာချီလိတ် မတ် ၂၅**

ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု ဝမ်ကဲ(၁)ရွာတွင် မတ် ၂၂ ရက်က အမျိုးသမီးတစ်ဦးအား လူတစ်စုမှ သေနတ်ပြ၍ ခြိမ်းခြောက်ကာ ကားဖြင့် ဖမ်းဆီးကာ ပြန်ပေးဆွဲသွားသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ မတ် ၂၅ ရက်တွင် အမှု၌ ပါဝင်ပတ်သက်သူ ရှစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ တာချီလိတ်ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်နန်းလုံ၏ တိုင်ကြားချက်အရ မတ် ၂၂ ရက် ည ၁၀ နာရီခန့်က ၎င်းသည် နေအိမ်ခြံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်နေစဉ် နေအိမ်ရှေ့၌ ဖော်ကျူးနားအဖြူရောင်ယာဉ်တစ်စီးရပ်ပြီး ကားပေါ်မှ အိုက်ကျိုင်း၊ အားဆစ်နှင့် အခြားအမျိုးသားတစ်ဦးတို့ ဆင်းလာကာ အားဆစ်က ရှမ်းဘာသာစကားဖြင့် "အိုက်မွန်းရှိလား"ဟု မေးရာ အိုက်မွန်းမရှိကြောင်း ပြန်လည်ဖြေသည့်အခါမှာ အိုက်မွန်း၏ ဇနီးဖြစ်သူ မနန်းအဲအား ခေါ်ပေးရန် ပြောသဖြင့် ၎င်းက ခေါ်ပေးသည့်အခါ အိုက်ကျိုင်းပါဝင်သည့် အမျိုးသားသုံးဦးတို့သည် မနန်းအဲအား ကားပေါ်သို့ ဆွဲတင်သွားသဖြင့် ၎င်းက ပတ်ဝန်းကျင်အား အကူအညီတောင်းခံရာ အားဆစ်က သေနတ်အတိုတစ်လက်ဖြင့် ချိန်ရွယ်ကာ မနန်းအဲကို ကားဖြင့် တင်ဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ တရားခံများအား ဖမ်းဆီးရမိရေးအတွက် တာချီလိတ်ခရိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် မိုင်းကိုးပြည်သူ့စစ် အဖွဲ့ခေါင်းဆောင် ဦးကျအူအဖွဲ့တို့နှင့် ပူးပေါင်း၍ မိုင်းကိုးကျေးရွာအုပ်စုရှိ ဟိုရမ်း(မိုင်)ရွာ ဦးဆူးဝမ်း၏ ရော်ဘာခြံအတွင်း ဝင်ရောက်ရှာဖွေရာ သေနတ်အတိုလေးလက်၊ ပွိုင့်(၂၂) သေနတ် အရှည်တစ်လက်နှင့်အတူ ခဲယမ်းများအား ကျူးလွန်သူရှစ်ဦးတို့နှင့်အတူ ဖမ်းဆီးရမိကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဖမ်းဆီးရမိသော အားဆစ်၏ ထွက်ဆိုချက်အရ ၎င်းတို့ ခေါ်ဆောင်သွားသော မနန်းအဲအား ၎င်းအပိုင်ဖြစ်သည့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ နေအိမ်တွင် ဝှက်ထားကြောင်း တွေ့ရှိရသည့်အတွက် ပြန်လည်ခေါ်ဆောင်လာနိုင်ခဲ့ပြီး ၎င်းတို့အား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။ **(မောင်ယဉ်ကျေး)**



# ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်း

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို မတ် ၂၄ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel (Jade Hall) ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးချမ်းဟာန်က ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများအား ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြန်မာဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပြိုင်ပွဲအဖြစ် ဧပြီ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်ရှိ ရွှိုင်ရယ်မြန်မာဂေါက်ကလပ်၌ လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မေ ၇ ရက်မှ ၁၀ ရက်အထိ ဟံသာဝတီဂေါက်ကလပ်၌ လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် ဇွန် ၂ ရက်မှ ၅ ရက်အထိ မင်္ဂလာဒုံတပ်မတော်ဂေါက်ကွင်း၌ လည်းကောင်း၊ စတုတ္ထပွဲစဉ်အဖြစ် ဇူလိုင် ၂၃ ရက်မှ ၂၆ အထိ ရေတံခွန်တောင်ဂေါက်ကလပ် မန္တလေး၌ လည်းကောင်း၊ ပဉ္စမပွဲစဉ်အဖြစ် ဩဂုတ် ၂၇ ရက်မှ ၃၀ အထိ ပြင်ဦးလွင်ဂေါက်ကလပ်၌လည်းကောင်း၊ ဆဋ္ဌမပွဲစဉ်အဖြစ် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ အေးသာယာဂေါက်ကလပ်တောင်ကြီး၌လည်းကောင်း၊ သတ္တမပွဲစဉ်အဖြစ် နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်ဂေါက်ကလပ် ရန်ကုန်၌လည်းကောင်း၊ အဋ္ဌမပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ရွှေမန်းတောင်ဂေါက်ကလပ်၌ လည်းကောင်း၊ နဝမပွဲစဉ်အဖြစ် ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်အထိ ဇေယျာသီရိဂေါက်ကလပ် နေပြည်တော်၌လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်သည်။

၂၀၁၅ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**

မူးယစ်တပ်ဖွဲ့စု (၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက်က မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာအထွက် တံတားကျိုးစစ်ဆေးရေးဂိတ်တွင် ကော့ကရိတ်မှ မြဝတီသို့ မော်တော်ဆိုင်ကယ် မောင်းနှင်လာသူ သန်းလွင်အား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အနွေးထည်အင်္ကျီဝဲဘက် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၉ ပြား သိမ်းဆည်းရမိသဖြင့် သန်းလွင် (၂၈) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မတ် ၂၂ ရက်က နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့ ပင်လောင်း-အောင်ပန်းသွားကားလမ်း မိုင်တိုင်အမှတ် (၂၀/၇)နှင့် (၂၁/၇) ကြားတွင် တွေ့ရှိသူ ခွန်ဌေးအောင်အား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဂျာကင်အင်္ကျီဝဲဘက်အိတ်အတွင်းမှ ရှမ်းစက္ကူဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀ သိမ်းဆည်းရမိသဖြင့် ခွန်ဌေးအောင် (၂၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ယင်းနောက် မတ် ၂၂ ရက်က သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့ သံတံတားပေါ်တွင် သီပေါမြို့နယ် စံလောင်းကျေးရွာဘက်မှ သီပေါမြို့ဘက်သို့ မော်တော်ဆိုင်ကယ် မောင်းနှင်လာသူ စံအေးအား ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ပလတ်စတစ်ဖြင့် ထည့်လျက် ဘိန်းဖြူ သုည ဒသမ ဝ၃ ကီလိုနှင့် ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၇၈၁ ပြား သိမ်းဆည်းရမိသဖြင့် စံအေး (၃၆) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

# တာချီလိတ်၌ မက်သာအက်ဖီတမင်း အဖြူရောင်ပုံဆောင်ခဲများ သိမ်းဆည်းရမိ

**တာချီလိတ် မတ် ၂၅**

တာချီလိတ် မူးယစ်တပ်ဖွဲ့စု(၃၀)မှ ရဲအုပ် ကျော်စွာထွန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး စိုးမင်းမင်းနှင့်အတူ သက်သေများ လိုက်ပါလျက် မတ် ၂၅ ရက် နံနက် ၇ နာရီခွဲက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၈-၉၀/၉၁)ရှိ အိုက်နော်ရှိန် ငှားရမ်းနေထိုင်သော အခန်းအမှတ်(အေ-၅)အား မူးယစ်ဆေးဝါးရှာဖွေဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ အိုက်နော်ရှိန်အား အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၎င်း၏နေအိမ်တိုက်ခန်းအနောက်တံခါးကြား၌ LV တံဆိပ်ပါ နီညိုရောင်ဇစ်တပ်သားရေလွယ်အိတ်အတွင်းမှ အဝါရောင်ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် မက်သာအက်ဖီတမင်း(အိုက်စ်)ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲအလေးချိန် ၆၅၀ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည့် အိုက်နော်ရှိန်ပိုင် Toyota VIOS ခဲရောင်မော်တော်ယာဉ်အား နေအိမ်တိုက်ခန်းရှေ့တွင် တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

မက်သာအက်ဖီတမင်း (အိုက်စ်)ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲများ လက်ဝယ်တွေ့ရှိသူ အိုက်နော်ရှိန် (၃၉ နှစ်) အား တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၄၉/၂၀၁၅၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးဆိုင်ရာဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# လီကွမ်ယူကို ဂါရဝပြုနှုတ်ဆက်ရန် တန်းစီစောင့်ဆိုင်းနေသူများကို လီရှန်လွန်း ကျေးဇူးတင်

**စင်ကာပူ မတ် ၂၅**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ၎င်း၏ကွယ်လွန်သူဖခင် လီကွမ်ယူကို နှုတ်ဆက်ဂါရဝပြုရန် တန်းစီစောင့်ဆိုင်းနေသူများကို ကျေးဇူးတင်ကြောင်း မတ် ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

"ကျွန်တော့်ဖခင်ရဲ့ ရုပ်အလောင်းကို ဒီနေ့မနက်မှာပဲ လွှတ်တော်အဆောက်အအုံကို ပြောင်းရွှေ့ခဲ့ပါတယ်။ ကျွန်တော့်ဖခင်ကို နှုတ်ဆက်ဂါရဝပြုဖို့ နေပူထဲမှာ နာရီပေါင်းများစွာ တန်းစီစောင့်ဆိုင်းနေသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု လီရှန်လွန်းက သူ၏ ဖေ့ဘွတ်ခ်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

စင်ကာပူနိုင်ငံကို တည်ထောင်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူကို နောက်ဆုံးနှုတ်ဆက်ဂါရဝပြုရန် လူထောင်ပေါင်းများစွာက တန်းစီစောင့်ဆိုင်းနေခဲ့ကြသည်။ လီရှန်လွန်းသည် တန်းစီစောင့်ဆိုင်းနေသည့် ပြည်သူများကြားသို့ သွားရောက်စဉ် ပြည်သူအချို့က သူ့ကိုလည်း ကျန်းမာရေးဂရုစိုက်ရန် ပြောကြားခဲ့ကြသည်။

**ချန်နယ်နယူးအေးရှား။**



# ဂျာမနီ ဂျပန်နှင့် ပြင်သစ်တို့ ထုတ်ဖော်ပြောကြားခဲ့သည်၊ ပုံ

# ဩစတြေးလျက ဒေါ်လာ ၃၉ ဘီလီယံတန် ရေငုပ်သင်္ဘောစီမံကိန်း စပြီ

**ဆစ်ဒနီ မတ် ၂၅**

အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၈ ဘီလီယံနှင့်ညီမျှသည့် ဩစတြေးလျဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးရှိသော ရေငုပ်သင်္ဘောတပ်ဖွဲ့ အသစ်တည်ဆောက်ရေး ကန်ထရိုက်ရွေးချယ်ရာတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဂျာမနီ၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့ကို ဩစတြေးလျက ဖိတ်ကြားခဲ့ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဒီလိပ်မြို့၌ ယနေ့ ကျင်းပသော ဩစတြေးလျရေတပ်အရာရှိများနှင့် နိုင်ငံရေးသမားများ တက်ရောက်သည့် ညီလာခံတွင် ကာကွယ်ရေးဝန်ကြီး ကီဗင်အန်ဒရူးက နိုင်ငံ၏ ဟောင်းနွမ်းခေတ်မမီတော့သည့် ကောလင်းအမျိုးအစား သင်္ဘောများအား အစားထိုးမည့် စီမံကိန်းအတွက် အလားအလာရှိသော နိုင်ငံတကာ လုပ်ဖော်ကိုင်ဘက်များအဖြစ် ဂျာမနီ၊ ပြင်သစ်နှင့် ဂျပန်တို့ကို ထုတ်ဖော်ပြောကြားခဲ့သည်။

"ယှဉ်ပြိုင်မှုတန်ဖိုးသတ်မှတ်ခြင်း" ကာလမှာ အနည်းဆုံး ၁၀ လကြာမြင့်မည်ဖြစ်ကြောင်း၊ ထို့နောက် သင့်လျော်သော တင်ဒါတင်သွင်းသူများကို ကာကွယ်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့သို့ အကြံပေးမည်ဖြစ်ကြောင်း အန်ဒရူးက ပြောသည်။

ဂျာမနီနိုင်ငံမှ သိုင်းဆင်းကရပ် မရိမ်း ဆစ်တန် [တီကေအမ်အက်(စ်)]နှင့် ပြင်သစ်နိုင်ငံမှ အစိုးရထိန်းချုပ်ထားသော ရေတပ်ဆိုင်ရာ ကန်ထရိုက်တာ [ဒီစီအန်အက်(စ်)]တို့က စိတ်ဝင်စားကြောင်း ဖော်ပြကြပြီး ဩစတြေးလျ၌ တည်ဆောက်ကြမည်ဟု ပြောသည်။

မကြာသေးမီ အချိန်ကာလအထိ အဆိုပါ စီမံကိန်းအတွက် ကန်ထရိုက်ရရှိမည်ဟု ရှေ့ဆုံးမှ သတင်းပြေးနေသော ဂျပန်ကုမ္ပဏီများဖြစ်ကြသည့် မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းနှင့် ကာဝါဆာကီ အကြီးစားစက်မှုလုပ်ငန်းတို့က အဒီလိပ်ညီလာခံသို့ တက်ရောက်ရန် ငြင်းပယ်ခဲ့ကြသည်။

ဩစတြေးလျနိုင်ငံ၌ ရေငုပ်သင်္ဘော ၁၂ စင်းအထိ တည်ဆောက်မည်ဟု ယခင်က ကတိပြုခဲ့သည့် ဝန်ကြီးချုပ် တိုနီအက်ဘော့က ကုန်ကျစရိတ်နှင့် ယင်းတို့ကို အချိန်မီပေးခြင်းသည် အထူးအရေးပါကြောင်း ပြောကြားခဲ့သည်။ **ရိုက်တာ။**

# ၂၀၁၉ ခုနှစ် ကမ္ဘာ့စစ်ဘက် အားကစားပြိုင်ပွဲကျင်းပရန် တရုတ်အဆိုပြု

**ပေကျင်း မတ် ၂၅**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ၂၀၁၉ ခုနှစ် ကမ္ဘာ့စစ်ဘက်အားကစားပြိုင်ပွဲကို တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ် ဝူဟန်မြို့တော်တွင် လက်ခံကျင်းပရန် လျှောက်ထားအဆိုပြုခဲ့ကြောင်း မတ် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့စစ်ဘက်အားကစားပြိုင်ပွဲကို နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားကောင်စီကကြီးမှူး၍ လေးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည်။ နိုင်ငံပေါင်း ၁၀၀ ခန့်မှ ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၈၀၀၀ ကျော်သည် ပြိုင်ပွဲအမျိုးအစား ၂၄ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကာလမှာ ခုနစ်ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်လေ့ရှိသည်။

ပထမဆုံးအကြိမ် ကမ္ဘာ့စစ်ဘက်အားကစားပြိုင်ပွဲကို ၁၉၉၅ ခုနှစ်တွင် အီတလီနိုင်ငံတွင် ကျင်းပခဲ့သည်။ ယခုနှစ်တွင် ကျင်းပမည့် ခြောက်ကြိမ်မြောက်ပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားကောင်စီသည် နိုင်ငံတကာ လက်နက်ကိုင်တပ်ဖွဲ့များ၏ အားကစားဆိုင်ရာအကြီးမားဆုံး အဖွဲ့အစည်းဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ၁၉၇၈ ခုနှစ်တွင် နိုင်ငံတကာစစ်ဘက်ဆိုင်ရာ အားကစားကောင်စီသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ **ဆင်ဟွာ။**

# မီဒီယာများဘက်လိုက်မှုကင်းရန် ထိုင်းဝန်ကြီးချုပ် တိုက်တွန်းပြောကြား

**ဘန်ကောက် မတ် ၂၅**

မီဒီယာများအနေဖြင့် သတင်းရေးသားရာတွင် ဘက်လိုက်ရေးသားမှုများရှိပါက အချိန်မရွေး ကွပ်မျက်ခြင်းခံရမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာက မီဒီယာများအား ပြောကြားခဲ့သည်။

"အစိုးရကိုဘက်လိုက်ပြီးရေးစရာမလိုဘူး။ ဒါပေမယ့် အမှန်ကို အမှန်အတိုင်းဖော်ပြဖို့လိုတယ်။ နှစ်ဦးနှစ်ဖက် အဓိကရုဏ်းဖြစ်စေမယ့် အရေးအသားမျိုးတွေကို ရှောင်ဖို့လိုတယ်"ဟု ဝန်ကြီးချုပ်က ဘရူနိုင်းနိုင်ငံသို့ ခရီးမထွက်ခွာမီ လေဆိပ်တွင် မီဒီယာများအားပြောခဲ့သည်။

စစ်အုပ်ချုပ်ရေးကို ဖျက်သိမ်းပေးရန် ထိုင်းနိုင်ငံသည်အဆင်သင့်မဖြစ်သေးကြောင်း ဝန်ကြီးချုပ် ချန်အိုချာက ဆိုသည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် တည်ငြိမ်မှုမရှိသေးသည့်အတွက် ဇန်နဝါရီလတွင် မီဒီယာလွတ်လပ်ခွင့်ဖိုရမ်တစ်ခု ကျင်းပရန် ဂျာမန်ဖောင်ဒေးရှင်း၏ အဆိုပြုချက်ကို ဝန်ကြီးချုပ်က တားမြစ်ပိတ်ပင်ခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း နိုင်ငံရေးဆွေးနွေးမှုများကိုလည်း ပိတ်ပင်ထားသည်။

"မာတီချောင်"အမည်ရှိ ထိုင်းသတင်းစာတစ်စောင်သည် ယခင်ဝန်ကြီးချုပ်အား ဘက်လိုက်ရေးသားမှုများ ပြုလုပ်နေကြောင်း ဝန်ကြီးချုပ် ချန်အိုချာက ဘရူနိုင်းသို့ မထွက်ခွာမီ လေဆိပ်တွင် စွပ်စွဲပြောဆိုခဲ့သည်။

**ရိုက်တာ။**



# အိန္ဒိယ၏ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အာကာသတွင် ခြောက်လကြာ နေထိုင်ခဲ့

**နယူးဒေလီ မတ် ၂၅**

အိန္ဒိယနိုင်ငံက လွှတ်တင်ထားသော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်သည် အာကာသအတွင်း ခြောက်လကြာမျှ နေထိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါယာဉ်သည် အာကာသ စူးစမ်းလေ့လာရေး အထူးလုပ်ငန်းတာဝန်ကို ချောချောမွေ့မွေ့ ဆောင်ရွက်လျက်ရှိကြောင်း အင်္ဂါဂြိုဟ်လေ့လာရေး အစီအစဉ် တာဝန်ရှိသူများက ပြောကြားကြသည်။

မင်ဂါလျံဟု အမည်ပေးထားသော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်သည် တစ်နှစ်လျှင် လောင်စာ နှစ်ကီလိုဂရမ် အသုံးပြုကြောင်း၊ ယခုအထိ ယင်းယာဉ်တွင် အသုံးပြုနိုင်မည့် လောင်စာ ၃၇ ကီလိုဂရမ် ရှိနေဆဲဖြစ်သဖြင့် အချိန်ကာလကြာမြင့်စွာ ပျံသန်းနိုင်မည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး ယာဉ်ပေါ်တွင် ဂြိုဟ်တုတစ်လုံးအပါအဝင် သိပ္ပံဆိုင်ရာ ကိရိယာတန်ဆာပလာ ငါးခုပါရှိပြီး ပုံမှန်လည်ပတ်လျက်ရှိနေကြောင်း၊ အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်ရှိ တောင်များနှင့် မီးတောင်များကို ဓာတ်ပုံများ ရိုက်ကူးကာ ကမ္ဘာသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ပြောကြားကြသည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်နှစ် စက်တင်ဘာလ ၂၄ ရက်က ပထမဆုံးသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ယင်းယာဉ်သည် ကမ္ဘာပေါ်တွင် ကုန်ကျစရိတ် အသက်သာဆုံးဖြင့် ထုတ်လုပ်ထားသော အင်္ဂါဂြိုဟ် လေ့လာရေးယာဉ်ဖြစ်သည်။

**ဆင်ဟွာ။**



# ဒုတိယကမ္ဘာစစ်အပြီး အကြီးဆုံးစစ်သင်္ဘော ဂျပန်ရေတပ်ရရှိ

**ယိုကိုဟားမား မတ် ၂၅**

ဂျပန်နိုင်ငံ၏ ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့သည် "အီဇူမို"အမည်ရှိ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်း အကြီးဆုံးစစ်သင်္ဘောကို ယနေ့လက်ခံရရှိသည်။

ယင်းသည် ရဟတ်ယာဉ်တင်သင်္ဘောအမျိုးအစားဖြစ်ပြီး သင်္ဘောသား ၄၇၀ လိုက်ပါ တာဝန်ထမ်းဆောင်ပြီး အမေရိကန်ရေတပ်မှ ကုန်းရေနှစ်သွယ် မောင်းနှင်နိုင်သော သင်္ဘော၏ အရွယ်အစား၊ ပုံစံတို့နှင့် တူညီပြီး ၈၁၃ ပေ ရှည်လျားသည်။

လေယာဉ်တင်သင်္ဘောများကို ယင်းတို့၏ စစ်ရေးစွမ်းဆောင်နိုင်အားကြောင့် ထိုးစစ်အဖြစ်အသုံးပြုနိုင်သည်ဟု ယူဆကြသဖြင့် ဂျပန်နိုင်ငံသည် အီဇူမိုကို ခုခံကာကွယ်ခြင်းမှတစ်ပါး စစ်တိုက်ခြင်းကို တားမြစ်ထားသော အခြေခံဥပဒေဘောင်အတွင်းမှသာ အသုံးပြုနိုင်မည်ဖြစ်သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက စစ်ပြီးခေတ်အခြေခံဥပဒေ၏ တားမြစ်ပိတ်ပင်ထားမှုများကို ဖြေလျှော့ရေးအတွက် လွှတ်တော်အမတ်များ၏ အတည်ပြုချက်ရရှိရန် ကြိုးစားနေစဉ် ဂျပန်နိုင်ငံက ပင်လယ်ရပ်ခြား၌ စစ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် စစ်ဘက်စွမ်းရည်ကို တိုးမြှင့်နေခြင်းဖြစ်သည်ဟု အီဇူမိုစစ်သင်္ဘောကို နမူနာအဖြစ် ရှုမြင်ကြသည်။

**ရိုက်တာ။**

# အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်း ဆင်း

**မြဝတီ မတ် ၂၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် ၅၃နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၉) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၂၀ ရက်၊ နံနက် ၉ နာရီ က အဆိုပါသင်တန်းကျောင်းရှိ ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများအား အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ရန်တို့ကို အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေးဘက်စုံ တိုးတက်ပြီး လူနေမှု အဆင့်အတန်းမြင့်မားလာစေရန်၊ ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှု အတတ်ပညာများ ပိုမိုထွန်းကား ပြန့်ပွားလာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နေရပ်ဒေသပြန်လည်ရောက်ရှိသည့်အခါ ရည်ရွယ်ချက်များနဲ့အညီ ပြန်လည်အသုံးချရန်တို့ကို ၎င်းက ဆက်လက်ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးပညာပေးဆွေးနွေး

**တာချီလိတ် မတ် ၂၅**

ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေးဆွေးနွေးပွဲအား မတ် ၂၃ ရက် နံနက် ၁၀ နာရီက တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး ဆွေးနွေးပွဲကို မတ် ၂၃ရက်မှ မတ် ၂၆ ရက်အထိဖွင့်လှစ်ကာ သင်တန်းပို့ချခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများဆောင်ရွက်သွားကြမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ရွေးကောက်ပွဲကာလတွင် သတင်းအချက်အလက်များအားအများပြည်သူသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးကာလများအတွင်း လုံခြုံရေး အစီအမံများအတွက် Joint Operation Center ဖွဲ့စည်းကာ စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

**မောင်ယဉ်ကျေး**



# မုံရွာမြို့၌ကြက်သွန်နီဈေးကွက်အေး၍အလုပ်သမား ဈေးမြင့်နေခြင်းကြောင့်တောင်သူများအခက်တွေ့

**မုံရွာ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် အပင်စိုက်ကြက်သွန်နီများ လှိုင်လှိုင် ပေါ်ထွက်လာပြီ ဖြစ်သော်လည်းဈေးမရခြင်းနှင့် အလုပ်သမား ဈေးနှုန်း မြင့်တက်ခြင်းတို့ ကြောင့် တွက်ခြေမကိုက်ကြောင်း စိုက်ပျိုးသူ တောင်သူအများစုက ပြောသည်။

"ကြက်သွန်နီ စိုက်ပျိုးရေးက တစ်နှစ်ထက် တစ်နှစ်ပိုပြီး ကုန်ကျမှုတွေ များလာတယ်၊ ရာသီဥတုမမှန်တာက အဓိကပါ။ ပိုးမွှားရောဂါတွေ ပိုပြီးကျတော့ အပင်အတွက် ပိုးသတ်ဆေးတွေ၊ မှိုသတ်ဆေးနဲ့ အားဆေးတွေ ပိုပြီးသုံးရတယ်။ အဲဒီအတွက် ကုန်ကျမှုတွေပိုပြီး များလာတယ်။ တစ်ဧကကိုမျိုးက လေးပြည်လောက်စိုက်ရတယ်။ အလုပ်သမားဈေးက တစ်ဧကကို အပြတ်စိုက်ရင် တစ်သိန်းခွဲလောက် ကုန်တယ်"ဟု ကြက်သွန်စိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးမှု ကုန်ကျစရိတ်မှာ ရေသွင်းခ၊ ပေါင်းနုတ်ခ၊ အထွေထွေကုန်ကျစရိတ် ပေါင်းလိုက်ပါက တစ်ဧကလျှင် ငွေကျပ်ရှစ်သိန်းမှ ကျပ် ၁၀ သိန်းခန့် ကုန်ကျမှုရှိပြီး မြေငှားစိုက်သူဆို ပါက ပို၍ အဆင်မပြေမှုများ ကြုံနေရကြောင်း သိရသည်။

"အဆင်မပြေဘူး။ ဒီနှစ်က ရာသီဥတုက ဖောက်တော့ ဆေးဖိုးပိုပြီး ကုန်တယ်။ ထွက်လာတော့လည်း အလုံးက သိပ်ပြီးမလှဘူး။ အလုပ်သမားဈေးကျတော့ မနှစ်ကနဲ့ ဒီနှစ်မှာ ကျပ် ၅၀၀ ပိုပြီး ကျပ်၂၅၀၀ ပေးရတယ်။ မနှစ်ကဥစိုက်ကြက်သွန်နီတွေက အပုပ်လိုက်ပြီး အပျက်များခဲ့တော့ အပင်စိုက်ကြက်သွန်နီဥ ဈေးကောင်းမယ်လို့ ထင်ခဲ့ပေမယ့် အခုအချိန်မှာ တစ်ပိဿာကို ငွေကျပ် ၂၃၅ ပဲရတယ်။

"ဒီအတိုင်းဆိုရင်တော့ ဘယ်လိုမှ အဆင်မပြေဘူး။ အလုပ်သမားခအတွက် ထုတ်ရောင်းရအုံးမယ်၊ ကျန်တဲ့ ကြက်သွန်တွေကိုတော့ ဈေးအတက် စောင့်ရဦးမယ်။ မနှစ်ကလည်းဒီအတိုင်းပဲ၊ ကြက်သွန်နီ စဖော်တဲ့အချိန် ကျပ်၂၈၀ လောက် ပေါက်ဈေးရသေးတယ်။ အခုဈေးနှုန်းအတိုင်းဆိုရင်တော့ ဒီနှစ်ကြက်သွန်နီစိုက်တဲ့သူတွေ အခြေအနေမကောင်းနိုင်ဘူး။ ဈေးနှုန်းအတက်ပဲ မျှော်ရတော့မယ်"ဟုကျောက်စစ်ပုံတောင်ကျေးရွာက ကြက်သွန်နီစိုက်တောင်သူဦးထွန်းဇော်ကပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ ကျောက်စစ်ပုံ(တောင်ပိုင်း၊ မြောက်ပိုင်း) ကျွဲရဲ၊ တောင်ပလု၊ အက်တောစသော ကျေးရွာများတွင် ပဲစင်းငုံ၊ နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ဂျုံနှင့်ကြက်သွန်နီတို့ကို စိုက်ပျိုးလျက်ရှိရာမှ ကြက်သွန်နီကိုအဓိကထား စိုက်ပျိုး လျက်ရှိရာ ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းများကျဆင်းလျက်ရှိပြီး အလုပ်သမားခ နှင့် အထွေထွေကုန်ကျစရိတ်များ မြင့်မားလျက်ရှိသဖြင့် တောင်သူများ အနေဖြင့် တွက်ခြေမကိုက်လျက်ရှိကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ဝေဒပညာရှင် စာရေးဆရာကြီး မင်းသိခ်ကိုယ်တိုင် ရေးသားထုတ်ဝေခဲ့သည့် ဝတ္ထုများ-စာမူများ-ဆောင်းပါးများ**
**စာတမ်းများနှင့်ပတ်သက်၍ ဗီဒီယိုနှင့် ရုပ်ရှင်ရိုက်ကူးခြင်း၊ တစ်ဆင့်ပြန်လည်ထုတ်ဝေခြင်းများ မပြုလုပ်ရန်အတွက် သတိပေးကြေညာခြင်း**

ကွယ်လွန်သူဆရာကြီးမင်းသိခ်၏ ညီ၊ ညီမများဖြစ်ကြသည့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၁၄)နေ ဦးဝင်းဇော်[၁၂/တမန(နိုင်)၀၉၂၉၈၀]နှင့် ဒေါ်သန်းနုအောင်[၁၂/တမန(နိုင်)၀၇၈၂၄၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာပါသည်။

(ကွယ်လွန်သူ)ဝေဒပညာရှင် စာရေးဆရာကြီး မင်းသိခ်၏ ကျန်ရှိသောပစ္စည်းအရပ်ရပ်တို့နှင့် ဆရာကြီးမင်းသိခ်ကိုယ်တိုင် ရေးသားထုတ်ဝေ ခဲ့သော ဝတ္ထုများ၊ ဆောင်းပါးများ၊ စာတမ်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် တရားရုံးတော်တွင် တရားမအထွေထွေမှုအမှတ်-၅၄/၂၀၁၃၊ တရားမကြီးမှုအမှတ် (၅၄/၂၀၁၃)နှင့် တရားမကြီးမှုအမှတ် (၁၂၆/၂၀၁၃)တို့ဖြင့် စစ်ဆေးကြားနာလျက်ရှိပါသည်။

တရားမအထွေထွေမှုအမှတ် (၅၄/၂၀၁၃)တွင် ဆရာကြီးမင်းသိခ်ပိုင်ဆိုင်ခဲ့သည့် ပစ္စည်းအရပ်ရပ်တို့အားလည်းကောင်း၊ ပိုင်ဆိုင်ခွင့်ရှိသည့် စာပေဆိုင်ရာ မူပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များနှင့်ပတ်သက်၍လည်းကောင်း၊ တရားရုံးတော်မှ တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်း(၁)အရ ယာယီ တားဝရမ်း ထုတ်ဆင့်ထားရှိပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာကြီးမင်းသိခ် ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့သည့် ဝတ္ထုများ၊ ဆောင်းပါးများ၊ စာတမ်းများအစရှိသည်တို့ကို ဗီဒီယိုနှင့် ရုပ်ရှင်အဖြစ် အသွင်ကူးပြောင်းထုတ်လုပ်ခြင်း၊ တစ်ဆင့်ပြန်လည် ရိုက်နှိပ်ဖြန့်ချိခြင်း၊ ဝတ္ထုပါဇာတ်ကောင်များ၏အမည်များကို ရုပ်ရှင်နှင့် ဗီဒီယို များတွင် သုံးစွဲခြင်း စသည့်ကိစ္စရပ်များအား မပြုလုပ်ကြရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

တရားရုံးတော်မှ တစ်စုံတစ်ရာ အမိန့်ချမှတ်ခြင်းမပြုမီ ကျွန်ုပ်တို့၏ သတိပေးတားမြစ်ခြင်းအား လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်လုပ်ကိုင်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်နီလာခိုင် | ဦးစန်းမောင် | ဦးကျော်မိုးအောင် | ဦးသန်းစိုးထွန်း |
|---|---|---|---|
| **LL.B,D.B.L,WIPO,D.L.P,(Switzerland)** | **(LL.B,D.B.L)** | **LL.B,D.B.L, D.M.L,D.I.L** | **LL.B,D.B.L,WIPO,D.L.P,** |
| (စဉ်-၃၂၇၀၄) | (စဉ်-၃၁၇၃၄) | (စဉ်-၉၇၂၀) | **(Switzerland)** (စဉ်-၈၁၇၀) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(၆၂)၊ **Winner Firm**၊ ပထမထပ်၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၇၃၉၆၈၊ ၀၉-၃၀၂၃၃၃၂




**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်အုန်း[၁၄/ပတရ(နိုင်)၀၇၇၅၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တိုက်(၁၂-A)၊ အခန်း(၃၀၁)၊ စံပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်ရှိ ဒေါ်စုရည်ဖြိုး ပိုင်ဆိုင်သောတိုက်ခန်းအား ၂၀-၉-၂၀၁၄ရက်တွင် ဦးခင်အုန်းမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ဦးခင်အုန်းသည် ပိုင်ရှင်ဖြစ်ကြောင်းနှင့် ဦးခင်အုန်း၏သဘောတူညီချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မှ ပေါင်နှံပေးကမ်းရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လက်ပြောင်းလက်လွှဲ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးလွင်ထွေး(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၄၄)
အမှတ်(၄၀၄-က)၊ တောင်တွင်းကြီးလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊မြေကွက်အမှတ်(၁၃၄)၊မြေကွက်တည်နေရာအမှတ်(၁၃၄)၊စံပယ်လမ်း၊(၄၇)ရပ်ကွက်၊ဒဂုံမြောက်၊ဦးစိုးမောင်(AC-၀၃၂၆၂၆)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးစိုးမောင်ထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်တင်ထွေးလှိုင်(၆/ကသန(နိုင်)၀၄၃၇၄၄)မှပါမစ်မပြည့်စုံဖြင့်တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

# “မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အကျိုးရှိစွာဖြတ်သန်းသွားကြပါစို့”



**ယမန်နေ့မှအဆက်**

တတိယနေ့ဖြစ်သည့်အကြတ်နေ့တွင်လည်း အကျနေ့ကဲ့သို့ပင်ဖြတ်သန်းကြသည်။ ဝါထပ်သည့်နှစ်များတွင် အကြတ်နေ့သည်နှစ်ရက်ကြာမြင့်သည်။ ထိုနှစ်များတွင် အပျော်ကျူးလိုသူများအတွက် ကဲဖို့ရန် အခွင့်အရေးတစ်ရက်ပို၍ရလေသည်။ စတုတ္ထနေ့ဖြစ်သည့် အတက်နေ့သည် သင်္ကြန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သည်။ ထို့နေ့တွင် သိကြားမင်းသည်နတ်ပြည်သို့ပြန်သွားသည်ဟု ယုံကြည်ထားကြသည်။

မဏ္ဍပ်ပိတ်ပွဲများ ပြုလုပ်ခြင်း၊ ယိမ်းအဖွဲ့များဆုပေးခြင်း၊ မြူမှောင်ဝေကင်းသီချင်းဖြင့်နှစ်သစ်ကိုကြိုဆိုကြပါသည်။ သင်္ကြန်ကာလ တွင် ရပ်ကွက်အလိုက်၊မဏ္ဍပ်အလိုက် မုန့်လုံးရေပေါ်၊မုန့်လက်ဆောင်း၊သာကူ၊သက်သတ်လွတ် ထမင်းဟင်းများဖြင့် စတုဒိသာကျွေးမွေးကာကုသိုလ်ပြုကြသည်။ ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မျှမတွေ့ရသော ပီတိဖြစ်ဖွယ် မြင်ကွင်းများပင်ဖြစ်သည်။ မြန်မာတို့၏ ရက်ရောသောစေတနာနှင့် စည်းလုံးညီညွတ်မှုတို့၏ ပြယုဂ်လည်းဖြစ်ပေသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလ၏ အရေးပါဆုံးသောနေ့သည် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ထို့နေ့တွင် ဘုရားစေတီပုထိုးများသို့သွားရောက်ကာ ငါးများ၊ ငှက်များစသည့် တိရစ္ဆာန်များကိုဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း ဖြတ်ပေးခြင်း၊ အလှူအတန်းပြုလုပ်ခြင်းဖြင့် စသည့်ကောင်းမှုကုသိုလ်များပြုလုပ်ခြင်းဖြင့်သာ တစ်နေ့တာကို အကျိုးရှိစွာ ဖြတ်သန်းကြသည်။ မြန်မာများသည် နှစ်ဆန်းတစ်ရက်နေ့တွင် မင်္ဂလာရှိသောအလုပ်များကိုသာ လုပ်ကိုင်လေ့ကြသည်။ ကျေးလက်နေတောင်သူများသည်ပင်လျှင် ထိုနေ့၌ ထွန်ယက်စိုက်ပျိုးမှုကိုစတိအဖြစ် ဆောင်ရွက်လေ့ရှိကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ငွေကြေးသုံးစွဲမှုလည်း မပြုလုပ်ကြပေ။ မင်္ဂလာရှိသော အလုပ်များကိုသာလုပ်ကိုင်ကြသည်။ မြန်မာလူမျိုးတို့၏ ထူးခြားသော အလေ့အထတစ်ခုသည် သင်္ကြန်ကာလတွင် မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်လေ့ရှိကြသည်။ မြန်မာလူမျိုးတို့သည် အများအားဖြင့် သင်္ကြန်ကာလကို ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဖြင့် ဖြတ်သန်းကြသည်။ သို့သော်မြို့ပြနေလူတန်းစားအချို့သည် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် သောက်စားမူးယစ် ရမ်းကားခြင်းများတစ်နှစ်ထက်တစ်နှစ်ပို၍ပြုလုပ်လာကြသည်။ ထိုသူများအတွက် များစွာစိတ်မကောင်းဖြစ်မိပါသည်။ ထို့ကြောင့် သင်္ကြန်ကာလတွင် သောက်စားမူးယစ်ပြီး အချင်းချင်းခိုက်ရန်ဖြစ်ပွားသဖြင့် ထိခိုက် ဒဏ်ရာရရှိခြင်း၊ အမှုရင်ဆိုင်ရခြင်း၊ ယာဉ်များကို မဆင်မခြင်မောင်းနှင်သူများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားပြီး နှစ်စဉ်သေကြေ၊ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြစ်ပွားကြုံတွေ့ကြရသည်။ အထူးသဖြင့် အပျော်ကျူးသော အမျိုးသမီးများသည်လည်း သင်္ကြန်ကာလနောက်ပိုင်းတွင်အရှက်တရား ကာကွယ်ရန်အတွက် ဆေးခန်းများသို့ တိုးတိုးတိတ်တိတ်သွားကြရသည်။ မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာကိုသာ တန်ဖိုးထားမည်ဆိုလျှင် ထိုပြဿနာများဖြစ်ပေါ်လာရန်အကြောင်းမရှိချေ။

နှစ်ဟောင်း၏ အညစ်အကြေးများကို သန့်စင်စေရန်နှင့် ပူပြင်းသောနွေရာသီတွင် အေးချမ်းမှုအရသာ ကိုခံစားနိုင်စေရန်အတွက် ရှေးဘုရင်များလက်ထက်ကပင် မြန်မာနိုင်ငံတွင် သင်္ကြန်ကာလ၌ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြရန် ခွင့်ပြုပေးခဲ့သည့်ကောင်းမွန်သော ဓလေ့ထုံးတမ်းအစဉ်အလာရှိခဲ့သည်။ အထူးသဖြင့် သင်္ကြန်ကာလတွင် ကောင်းမှုကုသိုလ် ပြုလုပ်ကြခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရသည် သင်္ကြန်ရုံးပိတ်ရက်ကာလကို ၁၀ ရက်အထိတိုးမြှင့်၍ ပိတ်ပေးခဲ့သည်။ ထိုသို့ရုံးပိတ်ရက်တိုးမြှင့်ပေးခြင်းသည် ပြည်သူများနှင့်ဝန်ထမ်းများ နှစ်သစ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအင်တိုက်အားတိုက် ဆောင်ရွက်နိုင်စေရန်အတွက် စိတ်အပန်းဖြေမှု ကာလပိုမိုရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ထိုသို့အနားရသောရုံးပိတ်ရက်များကို အကျိုးရှိစွာ အသုံးချသွားရေးသည် ပြည်သူများ၏ အပိုင်းပင် ဖြစ်သည်။ ထိုသင်္ကြန်ရုံးပိတ်များတွင် ဒုလ္လဘရဟန်းဝတ်ခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာဝင်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးထွက်ခြင်း၊ ဘိုးဘွား၊ မိဘများအားသွားရောက်ကန်တော့ခြင်းစသည့် အကျိုးပြုလုပ်ငန်းတစ်ခုခုဆောင်ရွက်ခြင်းဖြင့် ဖြတ်သန်းသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သောက်စားမူးယစ်ခြင်း၊ ရန်ဖြစ်ခြင်း၊ အပျော်အပါးလိုက်စားခြင်းဖြင့်သာ သင်္ကြန်ကာလကို ကုန်ဆုံးစေမည်ဆိုပါက မိမိကိုယ်ကို အကျိုးယုတ်စေမည့်အပြင်ပတ်ဝန်းကျင်အသိုက်အဝန်းကိုပါထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်၍ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို ဝေဖန်သုံးသပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများအပိုင်းကလည်း ဆယ်ကျော်သက်လူငယ်များကို အပျော်လွန်ကျူးမှုမဖြစ်စေရန်အတွက် ထိန်းကျောင်းပေးရန်တာဝန်ရှိပါသည်။ တချို့သော မိဘများသည် မိမိလည်းနေချင်ရာနေ၊ သားသမီးလည်း ပျော်ချင်ရာပျော်ရှိတတ်သဖြင့် လူငယ်များအချိန်မတိုင်မီလမ်းမှားရောက်သည့်အဖြစ်ဆိုးနှင့် ကြုံတွေ့နေကြရပါသည်။

ခြုံ၍တင်ပြရလျှင် မြန်မာလူမျိုးများသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ရန်နှင့် နှစ်သစ်တွင် လုပ်ငန်းဆောင်တာများအား အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန်ဆိုသည့် ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကိုနှစ်စဉ်ကျင်းပလျက်ရှိသည်။ ထိုကောင်းမွန်သောအစဉ်အလာများကို ထိန်းသိမ်းထားရန်သည် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူလူအားလုံးအပေါ်တွင်တည်မှီနေသည်။

ယဉ်ကျေးမှုထွန်းကားသောနိုင်ငံသည် လူမျိုးအဆင့်အတန်း မြင့်မားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုများစွာအထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်၍ သက်ကြီးရွယ်အို၊ လူကြီး၊ လူလတ်ပိုင်းများသည် မျိုးဆက်သစ်များကို ကောင်းမွန်သော ယဉ်ကျေးမှု အလေ့အထများကို လက်ဆင့်ကမ်းပေး သွားရန်တာဝန်ရှိပေသည်။ ထိုသို့မဆောင်ရွက်ဘဲ မျိုးဆက်သစ်လူငယ်များအကြား မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများ၊ သောက်စားမှုများ ပြုမူနေထိုင်ခြင်းများနှင့် ပျော်ပါးခြင်းများသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မှေးမှိန်စေရုံသာမက ထိုလူငယ်များကိုလည်း အညွန့်တုံးနိုင်စေပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ကောင်းမွန်သော မြန်မာ့ဓလေ့ထုံးတမ်း ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ အကျိုးရှိရှိ ကျင်းပသွားနိုင်ရန် အတွက်ပြည်သူအားလုံးက အမျိုးသား ရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။


# အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ **S.C. Artistry Co.,Ltd (S.C.R)** ၏လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ပြီး 22 Soi Viphawadi Rangsit 38, Ladyao, Jatujak, Bangkok 10900 တွင် အခြေစိုက် တည်ထောင်ဖွင့်လှစ်ထားပါသည်။

ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် Lolane ကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းများကို ၁၉၈၄ ခုနှစ်မှ စတင်ကာ ထိုင်းနိုင်ငံတွင် ထုတ်လုပ်ပြီး ကမ္ဘာ့နိုင်ငံအမြောက်အမြားသို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ကျွန်ုပ်၏အမှုသည် S.C.R ကုမ္ပဏီသည် အဆိုပါအလှကုန်ပစ္စည်းများကို ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည် S.C.R ကုမ္ပဏီသည် မိမိထုတ်လုပ်ခဲ့သည့် Lolane ကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရန် Grand Wynn Enterprises Co.,Ltd (GWE) ကို မြန်မာနိုင်ငံ၏ တစ်ဦးတည်းဖြန့်ဖြူးရောင်းချသူအဖြစ် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ တရားဝင်ခန့်ထားခဲ့ပါသည်။

GWE ကုမ္ပဏီသည် Lolane ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင်းသို့ ပင်လယ်ရေကြောင်းမှ မှာယူတင်သွင်းပြီး ယင်းသို့ ၎င်းတို့ပင်လယ်ရေကြောင်းမှ မှာယူတင်သွင်းသည့် Lolane ထုတ်ကုန်ပစ္စည်းများနှင့် အခြားဖောက်သည်များအတွက် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးမှ တင်သွင်းသော Lolane ထုတ်ကုန်ပစ္စည်းများ ကွဲလွဲခြားနားမှုရှိစေရန် Lolane ကုန်အမှတ်တံဆိပ်၏ရှေ့တွင် GWE ဟူသော ရွှေရောင်စတစ်ကာ ကပ်နှိပ်ပေးခြင်းကို ကျွန်ုပ်၏အမှုသည် S.C.R ကုမ္ပဏီက သဘောတူခွင့်ပြုခဲ့ပါသည်။

သို့သော် ကျွန်ုပ်၏အမှုသည် S.C.R ကုမ္ပဏီသည် ၉-၁၀-၂၀၁၃ ရက်တွင် မြန်မာနိုင်ငံ၏ ဖြန့်ဖြူးရောင်းချသူအဖြစ် ခန့်ထားသည့် GWE ကုမ္ပဏီကို ဖြန့်ဖြူးရောင်းချသူအဖြစ်မှ အပြီးအပိုင် ရပ်စဲခဲ့ပါသည်။ သို့ အတွက် GWE ကုမ္ပဏီသည် ကျွန်ုပ်၏ အမှုသည် S.C.R ကုမ္ပဏီမှ တီထွင်ထုတ်လုပ်သည့် Lolane ကုန်အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများကို ရောင်းချပိုင်ခွင့်မရှိတော့ကြောင်း အများပြည်သူအား အသိပေးကြေညာအပ်ပါသည်။

လက်ရှိတွင် ကျွန်ုပ်၏အမှုသည် S.C.R ကုမ္ပဏီသည် Lolane အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော ဖြန့်ဖြူးရောင်းချသူအဖြစ် ဒေါ်ခင်ချိုပြုံးက စီမံအုပ်ချုပ်လျက်ရှိသည့် Future Glow Co.,Ltd အား ၁၄-၃-၂၀၁၄ ရက်မှစ၍ တရားဝင်ခန့်ထားခဲ့ပြီးဖြစ်ပါသည်။

S.C.R ကုမ္ပဏီ၏ မြန်မာနိုင်ငံအတွက် တရားဝင် ဖြန့်ဖြူးရောင်းချသူ Future Glow Co.,Ltd သည် ထိုင်းနိုင်ငံတွင် ထုတ်လုပ်သည့် Lolane ကုန်အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်တင်သွင်းရောင်းချလျက်ရှိပါသည်။ ထိုသို့ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် အလှကုန်ပစ္စည်းများအတွက် ကျသင့်သော အကောက်ခွန်များ၊ အခွန်အခများကို တင်သွင်းလာသည့် အကြိမ်တိုင်း အကျေအလည်ပေးသွင်းပြီးမှ တရားဝင် တင်သွင်းလာခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် S.C.R ကုမ္ပဏီသည် Lolane ကုန်အမှတ်တံဆိပ်အလှကုန်ပစ္စည်းများကို ထိုင်းနိုင်ငံတွင်သာထုတ်လုပ်ပါသည်။ အခြားမည်သည့်နိုင်ငံ မည်သည့်နေရာတွင်မျှ ထုတ်လုပ်ခြင်း မပြုပါ။ အဆိုပါ အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံအပါအဝင် တိုင်းပြည်အမြောက်အမြား၏ FDA တို့၏ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။ Lolane အလှကုန်ပစ္စည်းများ၏ ထုတ်လုပ်ခြင်းဆိုင်ရာ (Formula) သည် S.C.R ကုမ္ပဏီတစ်ခုတည်းကသာ တရားဝင်ပိုင်ဆိုင်ပါသည်။ အခြားမည်သူမျှ ယင်း (Formula) ဖြင့် အလှကုန်ပစ္စည်းများကို ထုတ်လုပ်ခွင့်မရှိကြောင်းလည်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဖောက်သည်များနှင့် အားပေးသုံးစွဲသူများအနေဖြင့် S.C.R ကုမ္ပဏီ၏ Lolane ကုန်အမှတ်တံဆိပ်အလှကုန်ပစ္စည်း အစစ်အမှန်များကို Future Glow Co.,Ltd ထံမှ စိတ်ချယုံကြည်စွာ ဝယ်ယူအားပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မည်သူမဆို ကျွန်ုပ်၏အမှုသည် S.C.R Co.,Ltd နှင့် ၎င်းမှ တီထွင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် Lolane ကုန်အမှတ်တံဆိပ်အလှကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ မမှန်မကန်ရေးသားခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ ကြေညာခြင်း စသည်တို့ကို ပြုမူဆောင်ရွက်ပြောဆိုမှုများ မပြုကြရန် လေးလေးနက်နက် တောင်းဆိုလိုက်ပါသည်။

အကယ်၍ ဤကြေညာချက်ပါ ဖော်ပြထားချက်များနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လာပါက ယင်းသို့ ကျူးလွန်လာသူများအား တည်ဆဲဥပဒေများအရ မလွှဲမရှောင်သာ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ

ဦးအောင်သန်းစိုး **B.A(Law),LL.B**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃/၁၉၇၉)

အမှတ်(၁၂)၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉- ၅၁၇၁၀၃၁

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။ ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

ဆဋ္ဌမအဆင့် (Phase VI) အနေဖြင့် ၂၀၀၈ ခုနှစ်များတွင်ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကြောင့် ကမ္ဘာ့ထုတ်လုပ်မှု လုပ်ငန်းများအနေဖြင့် သွင်းအားစု ကန့်သတ်ချက်များ (resource constraints) ရှိလာသလို နိုင်ငံကြီးများတွင် စီးပွားရေး အကျပ်အတည်းများရှိလာခြင်းနှင့် နိုင်ငံကြီးများ၏ စက်မှုထုတ်ထောင်ရေး ပေါ်လစီ၊ စိန်ခေါ်ချက်များရှိလာမှုနှင့်အတူ ကမ္ဘာ့ကုန်သွယ်ရေးပါ ထိခိုက်မှုရှိခဲ့သည်။ MNCs များ ခက်ခဲသည့် ကာလဖြစ်ခဲ့ပြီး စက်မှုလုပ်ငန်း ထွန်းကားရေးတွင် အသိပညာ အခြေခံ တန်ဖိုးမြှင့်လုပ်ဆောင်မှုများ ပိုမိုဦးစားပေးလာသည့် ယခုကာလဖြစ်သည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စက်မှုထူထောင်လမ်းစဉ်သစ်**

new way of Industrialization for developing countries

ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံတိုင်း မိမိနိုင်ငံသဘာဝ အရင်းအမြစ်ထွက်ကုန်များ၊ လယ်ယာ၊ သားငါး၊ သစ်တော ထုတ်ကုန်များသိသိသာသာ တန်ဖိုးမြင့်တက်လာစေရေးအတွက် တပ်ဆင်ပြုပြင်လုပ်ငန်းများ (processing Industries)၊ စက်မှုလက်မှုလုပ်ငန်း များနိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း လယ်ရှိထုတ်လုပ်နေသည့် သဘာဝအခြေခံထုတ်ကုန်များ၊ လယ်ယာနှင့်သား ငါးထုတ်ကုန်များမှ အစ ထုတ်လုပ်မှုကဏ္ဍတိုင်း၏ ထုတ်ကုန်တန်ဖိုး သိသိသာသာ တိုးမြှင့်ရေးအရေးကြီးနေပြီဖြစ်သလို ပေါများစွာရှိနေသည့် လူ့စွမ်းအားအရင်းအမြစ်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရေးအတွက် စက်မှုထွန်းကားရန် အထူးလိုအပ်နေပြီဖြစ်သည်။

ယခင်ခေတ်အဆက်ဆက်တွင် ကျင့်သုံးခဲ့သည့်သွင်းကုန်အစားထိုးစက်မှုထူထောင်ရေးပေါ်လစီလမ်းစဉ် (import substituted industrialization policy) အောင်မြင်မှုမရှိခဲ့ဘဲ ပြည်တွင်းဈေးကွက်အတွက်သာ ဦးတည်ထုတ်လုပ်မှုကြောင့် ယခုအခါ နိုင်ငံတကာကို ယှဉ်ပြိုင်နိုင်သည့် စက်ရုံနည်းပါးနေဆဲပင်ဖြစ်သည်။ နိုင်ငံပိုင်စက်ရုံအများစုမှာလည်း စီးပွားရေးတွက်ခြေမကိုက်ဘဲ အရှုံးဆက်တိုက်ပြနေမှုကြောင့် ယခုအခါ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအဆက်အပြတ်လုပ်ဆောင်နေရဆဲဖြစ်သည်။

အစိုးရသစ်တက်လာပြီးနောက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်တံခါး ဖွင့်စီးပွားရေးဝါဒကြောင့် နိုင်ငံတကာကုမ္ပဏီကြီးများ ယခင်က ထက်မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံရန် လာရောက်နေကြပြီဖြစ်သည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ IMF,ADB စသည်တို့၏ အထောက်အပံ့များပြန်လည် ခွင့်ပြုလာမှုကြောင့်ပြန်လည်စတင် နေပြီဖြစ်သည်။ ထို့အတွက် မဟာဗျူဟာကျသည့် တည်နေရာသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကမောင်းနှင်အားဖြစ်လာတော့မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာနှင့် ပေါင်းစည်းမှုများ လာသည့် နိုင်ငံ (globalized country) ဖြစ်လာသည့်အတွက် စက်မှုထူထောင်ရေးလမ်းစဉ်မှာ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (global supply chain) နှင့် ပေါင်းစည်းမှုမြှင့်တင်ခြင်းသည် ခေတ်သစ်ဖွံ့ဖြိုး ဆဲနိုင်ငံများ၏ စက်မှုထူထောင်ရေးလမ်းစဉ်အသစ်လည်း ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတကာလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများအနေဖြင့် လုပ်အားစရိတ်သက်သာမှု၊ အခြားသွင်းအားစုများရရှိနိုင်မှုတို့အပြင် ဈေးကွက်ရရှိနိုင်မှုတို့အပေါ်မူတည်ပြီး ၎င်းတို့၏ လုပ်ငန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်မှုကြောင့်လည်း လက်ခံရရှိသည့်နိုင်ငံများ စက်မှုထွန်းကားလာမှုမှတစ်ဆင့် စီးပွားရေးတိုးတက်လာခဲ့ကြသည်။ အဘက်ဘက်မှ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားနေသည့် ကမ္ဘာ့ဈေးကွက်တွင်မြန်မာနိုင်ငံအပါ အဝင် ယခင်သွင်းကုန် အစားထိုးစက်မှုလုပ်ငန်းထူထောင်ရေးပေါ်လစီကျင့်သုံးခဲ့သည့် နိုင်ငံများရှိစက်ရုံများ ယနေ့ကမ္ဘာ့ဈေးကွက်မှ တောင်းဆိုသည့် ပြိုင်ဆိုင်မှုရှိသည့် ထုတ်ကုန်အရည်အသွေး၊ ယှဉ်ပြိုင် နိုင်သည့်ဈေးနှုန်း၊ ထုတ်ပိုးမှု၊ ဈေးကွက်ရရှိမှုစသည်တို့ကို ယှဉ်ပြိုင်နိုင်ခြင်းမရှိပေ။ ထို့အတွက်ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်အပြင်ကို ရှုမျှော်သည့် စီးပွားရေးမူဝါဒ (outward looking economic policy) ကျင့်သုံးသည့် နိုင်ငံတိုင်းအတွက် စက်မှုထူထောင်ရေးလမ်းစဉ်မှာ ပြည်တွင်းလုပ်ငန်းများ အနေဖြင့် အစမှအဆုံး လုပ်ငန်းများနှင့်ပေါင်းစည်းလုပ်ကိုင်ထူထောင်ခြင်း ပြုလုပ်မှသာ ကမ္ဘာ့ဈေးကွက်ကို ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သည်။ ထို့အတွက် စက်မှုထူထောင်ရေးလမ်းစဉ်မှာ ကိုယ်ပိုင် တစ်ဦးတည်းတည်ဆောက်ခြင်းထက် နိုင်ငံတကာလုပ်ငန်းရှင်များနှင့် ပေါင်းစည်းရေး (join-instead-of-build) ပင်ဖြစ်သည်။ဆိုလိုသည်မှာ ပြည်တွင်းလုပ်ငန်းရှင်များ စက်မှုထူထောင်ရေးလမ်းစဉ်မှာ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းသို့ ထဲထဲဝင်ဝင် ပေါင်းစည်းနိုင်ရေးပင်ဖြစ်သည်။ ယခင်ရှိပြီးသားသွင်းကုန် အစားထိုး စက်မှုလုပ်ငန်းများအနေဖြင့်လည်း နိုင်ငံတကာလုပ်ငန်းများနှင့် ပေါင်းစည်းပြီး ယခင်ကထက် ထုတ်လုပ်မှုစွမ်းအားမြင့်မားရေး၊ အရည်အသွေးမီရေးနှင့် ပြည်ပဈေးကွက်ရရှိနိုင်ရေးအတွက် ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်၍ global supply chainနှင့်ပိုမိုဆက်စပ်မိမည်ဖြစ်သည်။ သို့ဖြစ်၍ ၂၁ ရာစု globalization ခေတ် global supply chainတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုထူထောင်ရေး လမ်းစဉ်အသစ်မှာ နိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများကို ကိုယ့်ဘာသာကို တည်ဆောက်ခြင်းထက် အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်မှုလမ်းကြောင်း (international supply chain) နှင့်ပေါင်းစည်းစေခြင်း လမ်းစဉ်ပင်ဖြစ်သည်။

GSC နှင့် ဆက်စပ်သည့် စက်မှုလုပ်ငန်းများထွန်းကားရေး ယနေ့ခေတ်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မဟာဗျူဟာမှာ global supply chain နှင့်ဆက်သွယ်ပြီး လုပ်အားစုးစိုက်သုံး စက်မှုလုပ်ငန်းများထူထောင်သည့် လမ်းစဉ်ပင် ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှု နောက်ကျနေသည့် နိုင်ငံအတွက်အမြန်ဆုံးစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောင်မြင်သည့် စက်မှုထူထောင်ရေးကို အကောင်အထည်ဖော်နိုင်ရန် global supply chain နှင့်ယခုထက်ပို၍ ထဲထဲဝင်ဝင် ပေါင်းစည်းနိုင်ရေးပင်ဖြစ်သည်။ ထို့အတွက်လက်ရှိ global supply chain ကြောင့် ကမ္ဘာ့တစ်ဝန်းလုံးတွင် ပေါ်ပေါက်လာသည့် စက်မှုထူထောင်မှုဆိုင်ရာ အသွင်လက္ခဏာနှစ်ရပ် အသေးစိတ်သဘောပေါက်ရန် လိုအပ်ပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## စက်မှုထူထောင်ရေးလမ်းစဉ်မှာ ကိုယ်ပိုင် တစ်ဦးတည်းတည်ဆောက်ခြင်းထက် . . .

## အောင်ဇမ်းဖလင် အနှစ်(၁၀၀)ပြည့်ပွဲကြီးပြုလုပ်မည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာပြည်မှပထမဦးဆုံး–ဂရမ်မီဆုပေးပွဲကြီး ပြုလုပ်ခဲ့၍ ဖက်ရှင်မယ်အဖြစ် မို့မို့မြင့်အောင်စင်ပေါ်ရောက်

ရွှေတိဂုံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်မင်းခေါင်မှ ရွှေတိဂုံဘုရားကြီးပေါ်တွင် ပွဲကြီးတစ်ပွဲ ပြုလုပ်ပေးရန် မေတ္တာရပ်ခံချက်အရ ၁၉၇၉ ခုနှစ်၊ မတ်လ၊ (တပေါင်းလပြည့်ည) နတ်ရေကန်မှ အရှေ့တောင်အာရှ၏ ပထမဆုံး ဂရမ်မီ-ဂီတဆု ချီးမြှင့်ပွဲကြီး ပြုလုပ်နိုင်ခဲ့သည်။

ဂီတမျိုး စန္ဒယားလှထွဋ်နှင့် သန်းမြတ်စိုး၊ တင်ဦးလေး၊ ကေတုဝင်းထွဋ်၊ တက္ကသိုလ်လဲ့လဲ့၊ အနုပညာမောင်နှမများအားလုံးက ကူညီကြသည်-။ မင်းသားကြီးမြင့်အောင်က လာရောက်အပ်နှံထားသော သမီး မို့မို့မြင့်အောင်နှင့် သူငယ်ချင်းများက - နဝရတ်ကိုးသွယ် ရောင်စုံဝတ်စုံများဝတ်ဆင်၍ ဆိုရှယ်လစ်ခေတ် ပထမဆုံးဖက်ရှင်ဝင်ရောက်ပြကြသဖြင့် ရွှေတိဂုံသမိုင်းတွင် အစည်ကားဆုံးနှင့် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးရက်တစ်ရက် ဖြစ်ခဲ့ပါသည်။

အမေရိကန်သံရုံးမှ ရုပ်ရှင်နှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူး၍ လင်းရောင်ခြည် မဂ္ဂဇင်းမှ ကမ္ဘာသို့ ဖြန့်ဝေပေးခဲ့သည်-။



ရွှေစောင်းဆုရရှိကြသူများမှာ-ဒေါ်မေရှင်၊ ပြည်လှဖေ(ခေတ်ဟောင်းတေး)၊ ဒေါ်တင်တင်မြ၊ ဦးအံ့ကြီး [အနှစ်(၂၀)တေး]၊ ဒေါ်မာမာအေး(စွယ်စုံတေးသံရှင်)၊ ဒေါ်နွဲ့ယဉ်ဝင်း၊ PJသိန်းတန်(စတူဒီယိုတေး)၊ အောင်ဇမ်းတင်တင်လှ၊ မောင်သိန်းဝင်း(ရုပ်ရှင်နောက်ခံတေး)၊ ဦးဝင်းဦး၊ ဒေါ်ချိုပြုံး (ရုပ်ရှင်တေး-ခရီးလွန်)၊ ဒေါ်ခင်ခင် (ရေဒီယိုတေး)တို့ ဖြစ်ကြသည်။ ပွဲအပြီးတွင် ဂေါပကအဖွဲ့မှ ရွှေတိဂုံဘုရားကြီး ရင်ပြင်တော်ပေါ်မှ အမှတ်(၆၄)၊ တနင်္လာထောင့်ဘုရားတစ်ဆူ ဦးတင်မောင်ထွေးအား ဆုချသည်။

ယခု အောင်ဇမ်း နှစ်(၁၀၀)ပြည့်ကို ပြည်လမ်း(၈-မိုင်ခွဲ)၊ အောင်ဇမ်းခြံအတွင်း မတ်လနောက်ဆုံးအပတ်တွင် ရုပ်ရှင်၊ ဂီတ၊ အနုပညာမောင်နှမများအားလုံး ပါဝင်ဆင်နွှဲကြမည်။

ရွှေစောင်းဆုရှင် ဒေါ်မေရှင်၏ သီချင်း(၁၂)ပုဒ် အဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ချီးမြှင့်နိုင်ရန် ဦးတင်မောင်ထွေးမှ အောင်ဇမ်းဦးသိန်းထွဋ်နှင့် ဦးသန်းထွဋ်အား ငွေများပေးအပ်နေပုံ။

သီဟသုဓမ္မမဏိဇောတရေ

နတ်ရေကန်ဦးတင်မောင်ထွေး

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်-၄၈၇၊ မြေကွက်တည်နေရာအမှတ်(၄၈၇)၊ အောင်သီတာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးချစ်ရွှေ[၁၂/ ဒပန (နိုင်)၀၃၀၀၀၉]+ဦးစိန်ဝင်း[၁၂/ဒပန(နိုင်)၀၃၀၀၂၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်များဖြစ်ကြသော ဦးချစ်ရွှေနှင့် ဦးစိန်ဝင်းတို့ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၇၆/က)၊ မြေကွက် တည်နေရာအမှတ်(၃၇၆/က)၊ ရွှေဘိုလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်မမကြီး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မမကြီးနှင့် ဦးမောင်မောင်နိုင်၊ ဒေါ်တင်နီထွေး၊ ဦးအောင်မြင့်(ခ)ဦးမြင့်ကိုတို့အား တရားပြိုင်ထား၍ တရားလို ဒေါ်မြင့်သန်းညွန့်နှင့် ဒေါ်ခင်သန်းညွန့်တို့က တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် စွဲဆိုသော တရားမကြီးမှုအမှတ်(၄၄၀/၁၂)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၈၃/၁၃)၏အမိန့် ၅-၁၂-၂၀၁၃ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ ဘီလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ[၈/ဆဖန(နိုင်)၀၅၁၂၄၃]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

FIRST CHOICE Travel & Tour

ခရီးသည် (၅) ဦးနှင့်အထက် တရင်းသွားခြင်းဖြင့် Discount များရယူနိုင်ပါပြီ။

Apr 14 ဂျပန် (၉ ည ၁၀ ရက်)
Apr 11 စင်ကာပူ(၄ ည ၅ ရက်)
Apr 12 ဖန်ကောက်ပတ္တရား (၅ ည ၆ ရက်)
Apr 12 ကမ္ဘောဒီးယား (၄ ည ၅ ရက်)

Hotline No. - 09421069966

09 421069966 • 09 73059081

### ဦးစိုးလှိုင်နှင့်အများသိစေရန်ထပ်မံ၍ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၁၅-၂၁၇)၊ ၆လွှာ ယခုလက်ရှိနေအိမ်အား ဦးစိုးလှိုင်(ခ)ဟာဂျီအက္ကဘာရ်[၁၂/ပဘတ(နိုင်)၀၁၉၉၂၉]ကိုင်ဆောင်သူ၏ တစ်ဦးတည်းသဘောဆန္ဒအတိုင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဇနီးသည်၏ ခွင့်ပြုချက်မရှိဘဲ နေအိမ်တိုက်ခန်းအား အမျိုးမျိုးသော အလွဲသုံးစားပြုလုပ်ခြင်းများ လုံး၀(လုံး၀) မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ ပါက တစ်ဖက်လူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ထပ်မံ၍ သတိပေး ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါ်နီနီအေး[၁၂/ပဘတ(နိုင်)၀၃၁၂၅၅]

### ရောင်းမည်

(သိန်း510 ညှိနှိုင်း)

အသင့်ပြင်ဆင်ပြီး၊ တတိယအလွှာ (13.5'x55') 2Bedroom, Korea ပါကေးနှင့် ကြွေပြားခင်းပြီး၊ သစ္စာလမ်းနှင့် သံသုမာလမ်းဆုံအနီး။

**Ph:09-73166680, 09-5159822, 09-5141080**

စာအုပ်စာပေလူ့မိတ်ဆွေ

# မတ္တရာမြို့နယ်၌ စိုက်ပျိုးရေးအတွက်မြေအောက်စက်ရေတွင်းများ အသုံးပြု၍ ရေစုပ်တင်ကာ နွေသီးနှံများကို စတင်စိုက်ပျိုး

**ပြင်ဦးလွင် မတ် ၂၅**

မတ္တရာမြို့နယ်အနောက်ပိုင်း မြစ်ရေဝင် ကိုင်းကျွန်းမြေများတွင် ဆောင်းသီးနှံများရိတ်သိမ်းပြီးစပြုနေပြီဖြစ်၍ မြေအောက်ရေစက်ရေတွင်းများမှ ရေစုပ်တင်ကာ နွေသီးနှံစိုက်ပျိုးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မတ္တရာမြို့နယ်အနောက်ပိုင်း ဧရာဝတီမြစ်ရေဝင်ရောက်သည့် ကျေးရွာများဖြစ်သည့် ကောက်ရိုးပုံ၊ မြွေပုံကန်၊ မြေစွန်း၊ မြွေဟသ်ာ၊ မြွေရှေ့ဂွဲ၊ ဝေဟင်မ၊ ဥဒိန်၊ ဝန်စု၊ ပိုဝါသဲကျွန်း၊ ရှင်လှ၊ ဟသ်ာကုန်း၊ ရွှေဘိုကြီး၊ ပျဉ်ကာ၊ တောပု၊ သူရဲဆက်၊ ကျွဲခြံကုန်းစသည့် ကျေးရွာအုပ်စုများတွင် ဆောင်းသီးနှံဖြစ်သည့်မြေပဲ၊ ပဲယင်း၊ စားတော်ပဲ၊ ဖူးစားပြောင်းစသည့် ဆောင်းသီးနှံများကို စိုက်ပျိုးကြသည်။

မတ်လပိုင်းတွင် ဆောင်းသီးနှံများ ရိတ်သိမ်းကြပြီးနောက် ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာန တူးဖော်ဆောင်ရွက်ပေးခဲ့သည့် စိုက်ပျိုးရေစက်ရေတွင်းများကို အသုံးပြုကာ နွေပဲတီများကို စိုက်ပျိုးရန်ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေသများသည် မြစ်ရေဝင်ဒေသများဖြစ်၍ မြစ်ရေကျဆင်းပြီးနောက် ဆောင်းသီးနှံတစ်မျိုးကိုသာ စိုက်ပျိုးနိုင်ပြီး နွေသီးနှံများကို မြစ်ကျိုးအင်း၊ ရေအိုင်နှင့် မြစ်ကမ်းပါးဘေးအနီးရှိ မြေယာကွက် အနည်းငယ်သာရေတင်စိုက်ပျိုးနိုင်ခဲ့ကြကြောင်း၊ ကိုင်းမြေအများစုမှာ စိုက်ပျိုးရေအခက်အခဲကြောင့် နွေသီးနှံစိုက်ပျိုးရေးအတွက် အဆင်မပြေကြောင်း သိရသည်။

အဆိုပါ ဒေသများတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ မန္တလေးတိုင်းဒေသကြီး အစိုးရ၏အစီအစဉ်ဖြင့်ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာန တင်ဒါခေါ်ယူကာ စိုက်ပျိုးရေစက်ရေတွင်းများကိုတူးဖော်ဆောင်ရွက်ပေး ခဲ့ပြီး မတ္တရာမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လေးလက်မ စိုက်ပျိုးရေစက်ရေတွင်း ၃၂ တွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လေးလက်မစိုက်ပျိုးရေစက်ရေတွင်း ၁၂၅ တွင်းကို တူးဖော်ပေးခဲ့ကာ ယခုအခါ စိုက်ပျိုးရေ စက်ရေတွင်းများကို အသုံးပြုကာ နွေသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးနေကြပြီဖြစ်သည်။

"ဒီဒေသတွေက မြစ်ရေဝင်ဒေသတွေဖြစ်တဲ့အတွက် မိုးသီးနှံမစိုက်နိုင်ဘူး။ မြစ်ရေကျသွားမှ ဆောင်း သီးနှံတစ်သီးကိုပဲ စိုက်ပျိုးနိုင်ခဲ့ကြတယ်။ နွေသီးနှံစိုက်ပျိုးချင်ကြပေမယ့်ရေအခက်အခဲကြောင့် မစိုက်ပျိုးနိုင်တဲ့တောင်သူတွေကများတယ်။

" မြစ်ဘေး၊ အင်းဘေးနီးတဲ့ တောင်သူအချို့ပဲ ရေတင်ပြီး နွေသီးနှံစိုက်ပျိုးနိုင်ကြတယ်။ အခု တိုင်းဒေသကြီးအစိုးရ အစီအစဉ်နဲ့ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စိုက်ပျိုးရေတွင်းတွေ တူးဖော်ပေးလာတဲ့အတွက် နွေသီးနှံ စိုက်ပျိုးနိုင်ကြပြီ။ တောင်သူတွေအတွက် တကယ်ကို ထိရောက်အကျိုးများတဲ့ အစီအစဉ်ပါ။ ဆက်လက်တူးဖော်ပေးအုန်းမယ်ဆိုရင် တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝတွေ ပိုမိုတိုးတက်မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်"ဟု ဥဒိန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဆွေမြင့်က ပြောပြသည်။

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် စိုက်ပျိုးရေတွင်းပေါင်း ၁၅၇ တွင်း၊ သပိတ်ကျင်းမြို့နယ်တွင် ၈၀၃ တွင်း၊ စဉ့်ကူးမြို့နယ်တွင် ၉၀ တွင်းနှင့်ပြင်ဦးလွင်မြို့နယ်တွင် ၁၄၄ တွင်း စုစုပေါင်း ၁၁၉၄ တွင်းကို တူးဖော်ဆောင်ရွက်ပေးထားခဲ့ရာ ယခုအခါ အဆိုပါ စိုက်ပျိုးရေစက်ရေတွင်းများကိုအသုံးပြု၍ မတ္တရာမြို့နယ်တွင် နွေသီးနှံ များကိုအောင်မြင်စွာ စိုက်ပျိုးနေကြပြီဖြစ် ကြောင်းသိရသည်။ **နန္ဒာမင်းလွင်**

## ကြို့ပင်ကောက်မြို့နယ်၌ ကျောက်ချောလမ်းခင်း

**ကြို့ပင်ကောက် မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့အရှေ့ဘက်လမ်းမကြီး ကြို့ပင်ကောက်မြို့မှ ရန်အောင်မြင်ဘုရားအထိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် Famous Triad Coltd နှင့် Han Thiri Coltd တို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းဦးစီးမှူး ဦးသိန်းလွင်မှ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

အဆိုပါ ကျောက်ချောလမ်းမှာ အရှည် ၁၂ မိုင် အကျယ် ၁၂ ပေ အမြင့် ၉ လက်မရှိပြီး၊ ထိုလမ်းပြီးစီးသွားပါက ကျေးရွာကိုးအုပ်စုမှ ကျေးရွာပေါင်း ၂၀ ရွာရှိ ဒေသခံများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး တို့ကို အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ **ဝ၇၁**

## မူဆယ်နှင့် နမ့်ခမ်းကြားမှ စစ်ရှောင်ဒုက္ခသည်များအား ထမင်းထုပ်နှင့်ငွေများ လှူဒါန်း

**သီပေါ မတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နှင့် နမ့်ခမ်းမြို့ကြားမှ စစ်ဘေးရှောင်ဒုက္ခသည်များ မတ် ၂၃ ရက် ည ၇ နာရီခွဲတွင် သီပေါမြို့သို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဌ ဦးအောင်ခင်၊ ဦးစိုင်းစိန်လင်း၊ ဦးကျော်စွာ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်များက ကြိုဆိုကြပြီး ဧည့်ခံကျွေးမွေးကာ ငွေနှင့်ထမင်းထုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် စစ်ဘေးရှောင်တိုင်းရင်းသားပြည်သူ ၅၀ကျော်တို့အား ညတွင်းချင်းမော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးပြီး ၎င်းတို့နေထိုင်ရာ မြို့၊ ရွာ၊ဒေသများအရောက် အခမဲ့ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မန္တလေးနန်းမြို့ သမိုင်းဝင်ဘုတ်တလုပ်ကန်နှင့် ရေတွင်းများပြန်လည်ပြုပြင်

**မန္တလေး မတ် ၂၅**

မန္တလေးနန်းမြို့ ရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ် မြနန်းစံကျော်ရွှေနန်းတော်နှင့် ရတနာပုံမြို့တည်နန်းတည်မင်းတုန်းမင်းတရားကြီးဂူ၊ ပုဂံမင်းမယ်တော်အရိုးပြာအုတ်ဂူ၊ ဆင်ဖြူမရှင်မိဖုရား အုတ်ဂူ၊ လောင်းရှည်မိဖုရားအရိုးပြာအုတ်ဂူ၊ ဒင်္ဂါးသွန်းစက်ရုံဉပုသ်တော်ဆောင်၊ နန်းမတော်မိဖုရားကြီး၏အုတ်ဂူ၊ မြောက်ဥယျာဉ်ကန်နှင့်ဘုတ်တလုပ်ကန်၊တိုင်းပြုပြည်ပြုသာနာပြု မင်းရုပ်တုများနှင့် အထိမ်းအမှတ် ကျောက်တိုင် ဝန်းကျင်များ၌ မတ် ၂၂ ရက်နံနက်ကအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတပ်မတော်သားများက ချုံနွယ်များ၊ ရေကန်များအတွင်းရှိအမှိုက်များ စုပေါင်း ဆယ်ယူခဲ့ကြောင်း သိရသည်။

နန်းမြို့ရွှေဟောင်းယဉ်ကျေးမှု နယ်မြေရှိ မြောက်ဥယျာဉ်ကန်၊ ဘုတ်တလုပ်ကန်နှင့် မင်းတုန်းမင်းတရားကြီး တူးဖော်ခဲ့သော ရေတွင်း ကိုးတွင်းကို တိုင်းစစ်ဌာနချုပ်မှ ကြီးကြပ်၍ အလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာတွင် ပြန်လည်ပြုပြင် အချောကိုင် သံပန်းများ ကာရံခဲ့ရာ ကျပ် ၂၉၃ သိန်းကုန်ကျခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**



## ကမ္ဘာ့ အမှတ်အများဆုံးဆု၊ ဆွတ်ခူးရရှိသော မမ "မိုးသင်းချို" အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါက်တာသန့်ဇင်နိုင် ( ဒုတိယပါမောက္ခချုပ်/စီမံ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ) နှင့် ဒေါ်ခင်သန်းထွေး (ကထိက(ငြိမ်း)ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့၏တစ်ဦးတည်းသောသမီးလေး မမိုးသင်းချို(1st M.B.,B.S ဆေးတက္ကသိုလ်-၁) သည် The Association of Business Executives (abe-UK) မှကြီးမှူးကျင်းပသော 2014, abe-UK December Exam တွင် (Level-5) Quantitative Methods for Business Management ဘာသာရပ်တွင် ကမ္ဘာ့အမှတ်အများဆုံးဆု (World First, Top Paper Prize) ရရှိခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လေးစားအားထားရသော တီချယ်ကြီး၏ချစ်တပည့်များ

Johan, Jacob, Lewis, William, Ariel, Beth, Casey@Shin Shin, Chit Chit@Jessica, Hafsa, Sammy, Sharon@Ju Ju.



# ဧရာဝတီမြစ်ရေနည်းပါးလာခြင်းကြောင့် မြင်းမူမြို့၏ အထက်ဘက်တွင် သင်္ဘောများ သောင်တင်နေ



**မြင်းမူ မတ် ၂၅**

ဧရာဝတီမြစ်ရေနည်းပါးမှုကြောင့် မြင်းမူမြို့၏ အထက်ဘက် ငါန်းဇွန်မြို့နယ်၊ ရွာသစ်ရွာနှင့် မြင်းမူမြို့နယ် ညောင်ရင်းရွာကြားမှစပြီး ကုန်တင်တွဲများ အပါအဝင် နိုင်ငံခြားဧည့်တင် သင်္ဘောများပါ သောင်တင်နေ၍သွားလာမှုနှောင့်နှေးနေကြောင်းသိရသည်။

ရေလယ်တွင်လည်း သင်္ဘောများစောင့်ဆိုင်းနေရပြီး ဧရာဝတီမြစ်ရေနည်းပါးမှုသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ထိ သိသိသာသာလျော့နည်းလာကြောင်း ဆိပ်ကမ်းအနီးနေထိုင်သူတစ်ဦးက ပြောပြသည်။

"ရေကြောင်းကျပ်တဲ့နေရာ မြင်းမူမြို့နယ် ညောင်ရင်းရွာနဲ့ ငါန်းဇွန်မြို့နယ် ရွာသစ်ရွာအကြားမှာ သဲသောင်ပြင်နဲ့ ရေအောက်ကျောက်တန်းကြားကနေ အန္တရာယ်ကြီးစွာ ဖြတ်သန်းသွားလာရတာကြောင့် သင်္ဘောတက်မများကောက်ခြင်း၊ ပန်ကာများပြတ်ခြင်း၊ ပဲ့ထွက်ခြင်း၊ တွဲများပေါက်ခြင်း စတဲ့အန္တရာယ်များဖြင့် မကြာခဏကြုံတွေ့နေရပါတယ်" ဟု ၎င်းကပြောသည်။ **(ဖ၂၄)**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ရမည်းသင်း မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သစ္စာလမ်း အထွေထွေခန်းမ၌ မတ် ၂၄ ရက် နံနက် ၉ နာရီတွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးစီးဌာနမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးထက်မြတ်အောင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမြင့်ဝင်း၊ ကျန်းမာရေးဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၏ အဖွင့်မိန့်ခွန်းအား ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားခဲ့သည်။

ယင်းနောက် ရမည်းသင်းခရိုင် တီဘီအဖွဲ့ခေါင်းဆောင် ဒေါက်တာနီနီဝင်းက တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းသို့ရှင်းလင်းပြောကြားရာတွင်နှစ်ပတ်ထက်ပိုပြီးချောင်းဆိုးခြင်း၊ ချောင်းဆိုးသည့်အခါသွေးပါခြင်း၊ သလိပ်ပါခြင်း၊ အစားအသောက်ပျက်ခြင်း၊ တဖြည်းဖြည်းပိန်လာခြင်း၊ ရင်ဘတ်အောင့်ခြင်း" တို့ဖြစ်လာပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသရန် သတိပေးပြောကြားခဲ့သည်။

တီဘီလူနာများတွင် HIV ရောဂါ ရှိ-မရှိစစ်ဆေးခြင်းကို HIV အဖွဲ့အစည်း (NGO၊ INGO) များနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ရှာဖွေတွေ့ရှိသောလူနာများအား တီဘီဆေးအခမဲ့တိုက်ကျွေးသူ၏အကူအညီဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ ကြီးကြပ်ကာ ရောဂါပျောက်ကင်းသည်အထိ စောင့်ကြပ်ကြည့်ရှုဆေးတိုက်ကျွေးနေကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

# အင်းစိန်မြို့နယ် မြို့သစ် (က+ခ) ရပ်ကွက် မိုးပွင့် (အထူး) စီမံချက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မတ် ၂၅**

မိုးပွင့် (အထူး) ဖြေလျှော့စီမံချက်အရ အင်းစိန်မြို့နယ် မြို့သစ် (က+ခ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၁၆ ရက် နံနက်ပိုင်းက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရန်အတွက် တွေ့ဆုံပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးရဲရင့်ထွန်း၊ အင်းစိန်မြို့နယ် လ. ဝ. ကဦးစီးမှူး ဦးထိန်လင်းသိန်းနှင့် ဝန်ထမ်းများ၊ မြို့သစ် (က+ခ) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ခရိုင်ဦးစီးဌာနမှူးမှ မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးခြင်းတို့ကို ဖြေလျှော့သည့်နည်းစနစ်ဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးတွင် မဲပေးနိုင်သူတိုင်း မဲပေးနိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **မြင့်ဦး(အင်းစိန်)**

# အခြေခံ စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**ကနီ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတနှင့် လူနေမှုဘဝမြင့်မားစေရန်နှင့် ကျေးရွာစာကြည့်တိုက်များ သက်ဝင်လှုပ်ရှားမှုရှိစေရေး၊ ကျေးရွာစာကြည့်တိုက်မှူးစေတနာ့ဝန်ထမ်းများ ပေါ်ထွက်လာရေးတို့အတွက် ကနီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျေးရွာအုပ်စု ၇ စုမှ သင်တန်းသား ၄၅ ဦးအား ကင်းကျေးရွာတွင် မတ် ၂၁ ရက်မှ ၂၂ရက်အထိ နှစ်ရက်တာ သင်တန်းဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ရွာမှာ လူငယ်လေးတွေစုပြီး စာကြည့်တိုက်ကလေးကို တစ်ပတ်သုံးရက် ဖွင့်လှစ်ငှားရမ်းပြီး ရွာမှလူငယ်များ အသိပညာတိုးပွားရေးအတွက် ကြိုးစားဖွင့်လှစ်ခဲ့ကြပေမယ့် စာအုပ်စာစောင်များကို စနစ်တကျရေးသွင်းမှတ်သားနည်းတွေကို အရင်က မိမိတို့သိသမျှနဲ့ဆောင်ရွက်ရတဲ့အတွက် စနစ်ကျနမှုမရှိခဲ့ပါဘူး။ အခု ကွန်မတို့ရွာနဲ့ တစ်မိုင်ခွဲသာဝေးတဲ့ ကင်းကျေးရွာအထိ စာကြည့်တိုက်ပညာ လာရောက်သင်ကြားပေးလို့ သုတ၊ ရသ၊ တိုက်ပိုင်၊ ပညာရပ်နှင့် မျိုးတူစုခွဲခြင်းများကို သိရှိခဲ့ရပါတယ်။ စာကြည့်တိုက်ကို တိုးတက်အောင်ဆောင်ရွက်ဖို့ ရွာကလူငယ်လေးတွေကို ပြန်လည်လက်ဆင့်ကမ်းသွားမှာပါ " ဟု သင်တန်းသူ မခင်သီတာမြင့်ကပြောသည်။

အဆိုပါသင်တန်းတွင် သုတ၊ ရသ၊ တိုက်ပိုင်၊ ပညာရပ်နှင့် မျိုးတူစုခွဲခြင်းစသည့် စာကြည့်တိုက်ပညာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။ **သန်းဌွေအောင်(ကနီ)**

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

သုံးရာသီ ဗမ္မဒါန
ရွှေစက်တော်၊လယ်ဘုရားစုံ ဓနိတ်ငြိမ်း-၃၅၀၀ဝိ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ဝိ
မန္တလေး-မေမြို့-အလောင်းတော်ကဿပ-၅၀၀၀ဝိ
ပုဂံ၊ ပုပ္ပါး ပခုက္ကူ-ထမင်းကျွေး-၄၀၀၀ဝိ
Mar-27, Apr 3.12
420144148, 421153797

NT Car Rental 09 73139320 01 661668
ခရီးစဉ်မျိုးစုံနှင့်လချုပ်
ကားမျိုးမျိုးငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များအားဖိတ်ခေါ်ပါသည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
သရုပ်ဆောင်သင်တန်း
သင်တန်းတက်ရောက်လိုသူများ သင်တန်းဝင်ခွင့်ပုံစံကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင်
ပုံစံ(၁)စောင် ၁၀၀၀ိ/- (ကျပ်တစ်ထောင်)တိတိဖြင့် ဝယ်ယူလျှောက်ထားနိုင်ပါသည်။
အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း- ၅၄၄၂၄၀၊ ၅၄၄၂၄၁

ကာတွန်းဝေယံ(တောင်ကြီး)ရဲ့
သရော်၍ဆော်၍ကာတွန်းများ
"ကာတွန်းတွေက ပြည်သူလူထုရဲ့အနေအထား ပြည်သူလူထုရဲ့အမြင်ကို ရောင်ပြန်ဟပ်တယ်"
ဒေါ်အောင်ဆန်းစုကြည်
အကောင်းဆုံးတစ်ကွက်ကာတွန်းတွေကို စုစည်း၍ စီစဉ်ထုတ်ဝေလိုက်ပါသည်။
တန်ဖိုး ၂၅၀၀/-ကျပ်
မရှိမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

AMERICAN VISION
EYE CARE CENTER
CALL FOR MORE INFO
YANGON: (01) 242476, 241897, 241898
MANDALAY: (02) 35588, 32053
NAYPYITAW: (067) 432393
ခရမ်းလွန်ရောင်ခြည် (UV Ray) များကိုရာနှုန်းပြည့်ကာကွယ်ပေးသော
ကမ္ဘာကျော် BRANDED နေကာမျက်မှန်ဝယ်ယူသူတိုင်းအတွက်
1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount
BIG SUMMER SALE
only until 30.04.2015
AMERICAN VISION
ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့
အချိန်ရှိတုန်းလိုက်ကြိုးပမ်းလို့ချင်းတို့။
အမေရိကန်ပွဲရှင်း နွေရာသီ Sunglasses Promotion အထူးအစီအစဉ်

## ရွှေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**ညောင်ဦး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက်က ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလေးစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းကို မတ် ၂၃ ရက်မှ ၂၇ ရက်ထိ ငါးရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ပြီး ရဲအရာရှိနှစ်ဦးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ တစ်ဦးတို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းတွင်ညောင်ဦးခရိုင်အတွင်းရှိ အရာရှိ အရာခံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၃ ဦးတက်ရောက်ကြသည်။

**ရဲသူရအောင်(ညောင်ဦး)**

## မိုးပွင့် (အထူး) စီမံချက် ကနီမြို့တွင် ကွင်းဆင်းဆောင်ရွက်

**ကနီ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ်လ ၂၂ ရက်က ကနီမြို့နယ် ချောင်းမကျေးရွာအုပ်စုသို့ ကွင်းဆင်းကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့် ဝန်ထမ်းများသည် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် ပူးပေါင်း၍ ချောင်းမကျေးရွာအတွင်းရှိ ကျေးရွာများမှ အသက် (၁၀) နှစ်ပြည့်နှင့် (၁၈) နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ယင်းမာပင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်ကိုကိုက ကွင်းဆင်းကြည့်ရှုအားပေးပြီး ချောင်းမအနောက်ကျေးရွာရှိ အသက်ကြီးအဘွား ဒေါ်တုတ်မ အသက် (၈၃) နှစ်နှင့် ဒေါ်တင်စိန် အသက် (၈၂) နှစ်တို့အား အိမ်တိုင်ရာရောက် (Home Service) နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုခဲ့ကြသည်။

ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မိုးပွင့်(အထူး) စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ဒေသခံပြည်သူများကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



**ထားဝယ် မတ် ၂၄**

မတ် ၂၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပတ် ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန (တနင်္သာရီတိုင်းဒေသကြီး)က ကြီးမှူးကျင်းပသည့် ဆောင်းပါး၊ ကဗျာပြိုင်ပွဲဆုပေးအပ်ပွဲကို မတ် ၂၁ ရက်က ထားဝယ်မြို့ ပညာရေးကောလိပ်ခန်းမဆောင်၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး သစ်တော၊ သတ္တုဝန်ကြီး ဦးတင်စိုး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးကော လိပ်မှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့်ပတ်သက်၍ တိုင်းဒေသကြီး သစ်တော သတ္တုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော သင်တန်း သားသင်တန်းသူများအား တိုင်းဒေသကြီး သစ်တော၊ သတ္တုဝန်ကြီး ဦးတင်စိုးက ဆုများချီးမြှင့်ပေးအပ်သည်။

**(ခရိုင်သစ်တောဦးစီး)**

# လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

**မြင်းမူ မတ် ၂၅**



စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းကို မတ် ၂၃ ရက်တွင် မြင်းမူမြို့၌ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် လူမှုဝန်ထမ်းလုပ်ငန်းကြီး ရှစ်ရပ်၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ရပ်ရွာအခြေပြု မသန်စွမ်းကလေးများအား စောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်အိုများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ရှေးဦးကလေးသူငယ်မှတ်တမ်းရေးသွင်းခြင်းစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

အဆိုပါ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား) သင်တန်းသို့ မြင်းမူမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့်M.V MODERN PEAK V.48 သင်္ဘောသည် ၂၈-၃-၂၀၁၅ရက်ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များတင် ဆောင်လာသည့် M.V MAGNY COURS EXPRESS V.14A သင်္ဘောသည် ၂၇-၃-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ရုံးခန်းနေရာအသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Odyssey Travels & Tours (Mandalay)အား
ယခင်နေရာ အမှတ်(၁၀၉)၊ လမ်း(၃၀)၊ (၈၀)လမ်းနှင့် (၈၁)လမ်းကြား၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမှ အမှတ်(၄၁၇)၊ (၈၁)လမ်း၊ (၃၂)လမ်းနှင့် (၃၃)
လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခြင်းနှင့်
ဖုန်းနံပါတ် ၀၁၁-၂၀၁၀၆၀၊ ၀၉-၇၉၂၁၁၈၀၆၀ သို့ လေယာဉ်လက်မှတ်များ
ဆက်သွယ်မှာယူနိုင်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များကို အသိပေး
အကြောင်းကြားအပ်ပါသည်။ ဖော်ပြပါ ဖုန်းနံပါတ်များမှလွဲ၍
အခြား မန္တလေးဖုန်းနံပါတ်များသည်
Odyssey Travels & Tours (Mandalay) နှင့်
လုံးဝမသက်ဆိုင်တော့ပါ။



# ဆင်းရဲမှုလျှော့ချရေးအစီအစဉ် အကောင်အထည်ဖော်ရေး ဆွေးနွေး

**တောင်ကြီး မတ် ၂၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့တော်ခန်းမ သစ်တောရပ်ကွက်တွင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့်အကြောင်းနှင့် နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်တွင် RDSF က ဘယ်လိုအထောက်အကူပြုကြောင်းနှင့် လူထုဗဟိုပြုဖွံ့ဖြိုးရေးနည်းလမ်းနှင့် ရေရှည်စဉ်ဆက်မပြတ် အသက်မွေးမှုဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများအကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ စိမ်ကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်စိမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## စာကြည့်တိုက် ဆောက်လုပ်မှု ၄၀ ရာခိုင်နှုန်း ပြီးစီး

**ပန်းတနော် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျုံတုံးကလေးကျေးရွာအုပ်စု တလိုင်းစုကျေးရွာ၌ အောင်သုတကျေးရွာစာကြည့်တိုက် အဆောက်အအုံအား ဆောက်လုပ်လျက်ရှိရာ မတ် ၂၃ ရက်တွင် ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါစာကြည့်တိုက်သည် ၂၄ ပေ × ၂၀ ပေ×၁၂ ပေ RC အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်၍ တိုင်းဒေသကြီး ရန်ပုံငွေ ၁၀ သိန်းနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ပြီး စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန် ပေ ၃၀ ပတ်လည် မြေနေရာကို တလိုင်းစုကျေးရွာနေ အလှူရှင် ဦးအောင်ရှင် မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

စာကြည့်တိုက်အဆောက်အအုံကို မတ် ၁၈ ရက် နံနက် ၇ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာမြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်ဦးနှင့် ကျေးရွာရပ်မိရပ်ဖတို့က ပန္နက်တင်ပေးခဲ့သည်။ **(၁၆၆)**

## လေရှီးမြို့တွင် ရေရရှိရေး ဆောင်ရွက်

**လေရှီ မတ် ၂၅**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ ၈ ဒသမ ၉၉ သန်းဖြင့် လေရှီးမြို့နယ်ရှိ သောက်သုံးရေရရှိရန်ခက်ခဲသော လေယုံကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းအတွက် ကျေးရွာနှင့် သုံးမိုင်ခွဲခန့်ကွာဝေးသောနေရာမှ တစ်လက်မပိုက်များဖြင့် ဂါလန် ၈၀၀ ဆံ့ရေကန်ရှစ်ကန်အတွင်းသို့ သွယ်တန်း၍ လေယုံကျေးရွာ အိမ်ထောင်စု ၉၃ စုသို့ ရေများဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါရေသွယ်တန်ခြင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် လေယုံကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

**လေရှီး(ပြန်/ဆက်)**

## နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာ အဝင်လမ်းမုခ်ဦးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဋ္ဌေးက အမှာစကားပြောကြားပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက ရွာသစ်ကျေးရွာအဝင် ကျောက်ချောလမ်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးလှမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ကျောက်ချောလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးသန်းဋ္ဌေး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးတို့က ဖွင့်လှစ်ပေးပြီး နေပြည်တော်ကောင်စီဝင် ဦးသန်းဋ္ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဋ္ဌေးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုဖွင့်လှစ်သည့် ရွာသစ်ကျေးရွာအဝင် ကျောက်ချောလမ်းသစ်သည် အရှည် ၃၆၀၀ ပေ၊ အကျယ် ၁၀ ပေ ရှိပြီး နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အကုန်ကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေရဲရင့်**




### အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်နေ ပြည်သူများ၏ အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားမှုများကို လွယ်ကူလျင်မြန်စွာ ရရှိစေရန်အတွက် မြို့တော်ခန်းမ၌ One Stop Service ရုံးဖွင့်လှစ်၍ အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၁၄း၀၀နာရီအထိ ဆောက်လုပ်ခွင့်အမှုတွဲများ စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထို့အတူ One Stop Service ရုံးဖွင့်လှစ်ထားသည့် မြို့တော်ခန်းမနှင့် ခရီးဝေးသည့် မြို့နယ်များမှ ပြည်သူများအနေဖြင့် ဆောက်လုပ်ခွင့်အမှုတွဲများ လာရောက်တင်ပြရာတွင် ပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ၂-၄-၂၀၁၅ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများ၌ တွဲဖက်ဖွင့်လှစ်ထားသည့် အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ မြို့နယ်တာဝန်ခံရုံးများတွင် ဆောက်လုပ်ခွင့်အမှုတွဲများ စိစစ်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် ဆောက်လုပ်ခွင့်အမှုတွဲများကို ယခင်အတိုင်း မြို့တော်ခန်းမ၌ လာရောက်တင်ပြလိုပါက အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၁၄း၀၀နာရီအချိန်အတွင်း လာရောက်တင်ပြနိုင်သကဲ့သို့ အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၁၄း၀၀နာရီ အချိန်အတွင်း သက်ဆိုင်ရာမြို့နယ်ရုံးများ၌ သွားရောက်တင်ပြနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## NOSTALGIA

(for the spearheaded Teacher of Garden City) (1923-2015)

With deepest heart and soul condolences of the international and me for the most admired leader in the world: His Excellency MR. LEE KWAN YEW: whom had paved me towards Pioneer of Tat-ma-daw – khan-ma exhibition hall; I.B.C; International wise Exhibitions .......etc .....etcs.

"Life is short, art is long"

" Cowards die a thousand times before their death, but LEE the brave once."

" The forest is lovely and deep,
But LEE had struggled before he goes to sleep"
Now that he had rested in Peace,
Heaven is the place for him to keep.
Together with the heavy rain fall of tears with Singaporeans.

Lionel Yin San @ Shein Win (Shane), KSC ; Rangoon, Burma, YCDC. lousy golfer
Compound No.(9), 10-mile, SBGG , PO, Yangon, Myanmar.

Landed in Singapore on Jan 13-1980 for business and further studies.

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တတေဇဝန္တ

### သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်

**သာသနဓဇသိရီပဝရဓမ္မာစရိယ**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကော့ကပ်ကြီးကျောင်းတိုက်၊ ပဓာနနာယက ဇလွန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ဟောင်း) ပြည်တော်ပြန်ဘုရားကြီး ရာသက်ပန်ဩဝါဒါစရိယ ဇလွန်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသန နုဂ္ဂဟစာမေးပွဲကြီး၏ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇဝန္တသည် ၂၂-၃-၂၀၁၅ရက် (၁၃၇၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက်) (တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမ အဂ္ဂိစျာပနပူဇော်ပွဲကို (နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်) ၁၂-၄-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။

**စျာပနကော်မတီ**
**ကော့ကပ်ကြီးရွာ၊ ဇလွန်မြို့နယ်**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တဇဝန

### သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ အသောကရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(မဟာဒွါရ) သာသနဓဇ (အစိုးရဓမ္မာစရိယ) ဘဒ္ဒန္တဇဝန အရှင်သူမြတ်သည် (၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ရက်) ၂၁-၃-၂၀၁၅ရက် ည၇း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း၈ရက်) ၂၇-၃-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် သာဓုကီဠန အန္တိမစျာပန အခမ်းအနား ပြုလုပ်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်း သိစေရန် ဖိတ်ကြားအပ်ပါသည်။

**စျာပနဖြစ်မြောက်ရေးအဖွဲ့**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တတေဇိန္ဒ(ဓမ္မာစရိယ)

### သိက္ခာတော်(၂၄)ဝါ၊ သက်တော်(၄၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ အထက်ပိုင်းရပ်ကွက်နေ နန္ဒာရာမရွှေဥဒေါင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ(ဓမ္မာစရိယ)သည် (၁၃၇၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ရက်) ၂၂-၃-၂၀၁၅ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်) ၂၆-၃-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ သံဃာတော်အရှင်သူမြတ်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးမြင့်သော်(ငြိမ်း) (ကြည်း-၁၀၂၇၈)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ OTS(30)**

**အသက်(၇၉)နှစ် (မော်လမြိုင်)**

ဗိုလ်မှူးမြင့်သော်(ငြိမ်း)သည် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ်(က/၆၇)နေအိမ်တွင် ၂၂-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (၃၀)သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးအေးလွင်-ဒေါ်ငွေငွေရီ(MACAO)တို့၏ ညီမ၊ ဒေါက်တာစန္ဒာအေးသည် ၂၀-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းဇော်ထွန်း-မိမိကျော်(Singapore)**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးရွှေဝါ

**အသက်(၅၅)နှစ်**

**ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဒဂုံမြို့နယ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒဂုံမြို့နယ်မှ မြို့နယ်ပါတီ ကော်မတီဝင် ဦးရွှေဝါ အသက်(၅၅)နှစ်သည် ၂၃-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အတွင်းရေးမှူးနှင့်ကော်မတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဒဂုံမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်သူ[ဥက္ကဋ္ဌ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)]နှင့် ဒေါ်မြင့်မြင့်ခင်ဖေ(ခ) ရွှေဇီးကွက်[အတွင်းရေးမှူး၊ နာရေးကူညီမှုအသင်း(ရန်ကုန်)]တို့၏ဖခင် ဦးငွေအောင်ဖေ(မြစ်သား) အသက်(၈၃)နှစ်သည် ၂၃-၃-၂၀၁၅ ရက် နံနက် ၁၁း၅၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်သူ့လမ်းသွယ်၊ ၂၄-F နေအိမ်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဒေါ်သန်းမြင့်အောင်**
**ဒု-ဥက္ကဋ္ဌ နာရေးကူညီမှုအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဆင့်(မြိတ်)

**အသက်(၈၄)နှစ်**

ဝဏ္ဏကျော်ထင်ဦးငွေမြင့်-ဒေါ်အေးအေးမော်တို့၏မိခင်ကြီး ဒေါ်ဆင့် အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစုများ**
**ယုဇနရေလုပ်ငန်းလီမိတက်**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

## အသက်(၈၄)နှစ်

ဝဏ္ဏကျော်ထင် ဦးငွေမြင့်-ဒေါ်အေးအေးမော်၊ ဦးအမ်းဘန်-ဒေါ်လှဲ့လှဲ့မော်၊ ဦးမြင့်လွင်-ဒေါ်မြတ်မြတ်မွန်တို့၏ မိခင်ကြီး ဒေါ်ဆင့် အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာများနှင့်ဝန်ထမ်းမိသားစုများ**

**Yuzana Company Limited.**
**Yuzana Construction Company Limited.**
**Yuzana Hotels & Resort**

## ဝမ်းနည်းကြေကွဲခြင်း

### Capt.ရှိန်ဟုန်ထွန်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒု-ညွှန်ကြားရေးမှူး Capt.ရှိန်ဟုန်ထွန်း အသက်(၅၅)နှစ်သည် ၁၉-၃-၂၀၁၅ ရက် နံနက် ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Htet Oo Maritime Training Institute**
**ဆရာများနှင့်ရုံးဝန်ထမ်းများ**

# ဝမ်းနည်းကြေကွဲခြင်း

## ကြည်း-၄၀၇၀၄၊ ဗိုလ်မှူး၊ ဗိုလ်ကြီးပြည့်မင်းဟန်(စတသ-၄၇)

## အသက်(၃၁)နှစ်၊ (၁၉၈၄-၂၀၁၅)

၂၂-၃-၂၀၁၅ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သော ဗိုလ်မှူး၊ ဗိုလ်ကြီး ပြည့်မင်းဟန်၏ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းပါကြောင်းနှင့် တိုင်းပြည်အတွက် မြင့်မြတ်စွာ အသက်နှင့်ခန္ဓာအား ပေးလှူသွားခြင်းအပေါ် စစ်တက္ကသိုလ်အမှတ်စဉ်(၄၇) ဗိုလ်လောင်းသင်တန်းဆင်းညီအစ်ကို သူငယ်ချင်းများမှ ဂုဏ်ယူလေးစားပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၇)မှ သူငယ်ချင်းများ**

Hot Line No-0930500100

# အမျိုးသားပို့ကုန် မဟာဗျူဟာသည် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အမယ် ချဲ့ထွင်တင်ပို့နိုင်ရေးတို့အတွက် လမ်းပြမြေပုံတစ်ခုဖြစ်




**နေပြည်တော် မတ် ၂၅**

မြန်မာနိုင်ငံ အမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး မစ္စအရန်ချာဂွန်ဇာလက်၊ ဂျာမနီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Petra Schill၊ ကမ္ဘာ့ဘဏ်မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Ulrich Zachau နှင့် အဖွဲ့ဝင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရမှ အမျိုးသားအဆင့် ဦးစားပေးအကောင်အထည်ဖော်မည့်ကဏ္ဍများအဖြစ် လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# မြန်မာနှင့် ဆားဘီးယားအသင်းတို့ ကမ္ဘာ့ဖလားအကြို ခြေစမ်းမည်



**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဆားဘီးယားနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းမြင့်မားသော အသင်းများနှင့် တွေ့ဆုံရမည်ဖြစ်ရာ မြန်မာယူ-၂၀ အသင်း အနေဖြင့် ဥရောပနိုင်ငံများသို့ သွားရောက်ခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယားနိုင်ငံတွင် တစ်ပတ်ကြာ လေ့ကျင့်ရမည်ဖြစ်ပြီး ဆားဘီးယား ယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းနှင့် ဆားဘီးယား ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲကို မတ် ၂၆ ရက်တွင် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ ကစားမည်ဖြစ်ပြီး ဒုတိယပွဲကို မတ် ၂၉ ရက်တွင် ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

**ယနေ့ မာတိကာ**

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး
မခန်းခြောက်သော သွေး
စာမျက်နှာ - ၆

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ
အစဉ်အလာကောင်းတဲ့ တို့တပ်မတော်
စာမျက်နှာ - ၇

ဒုတိယကမ္ဘာစစ်အပြီး အကြီးဆုံးစစ်သင်္ဘော ဂျပန်ရေတပ်ရရှိ
စာမျက်နှာ - ၁၄

# ရာသီဥတုအခြေအနေမပေးသဖြင့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် မန္တလေးမှမထွက်ခွာနိုင်သေး

**နေပြည်တော် မတ် ၂၅**

ခရီးစဉ် ၁၂ ခုဖြင့် ကမ္ဘာပတ်ပျံသန်းမည့် နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်သည် ရာသီဥတုကြောင့် မန္တလေးတွင် ဆက်လက်ရပ်နားနေဦးမည်ဖြစ်ကြောင်း၊ ကနဦးက မတ် ၂၇ ရက်တွင် ထွက်ခွာမည်ဟု ပြင်ဆင်ထားသော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် မတ် ၂၈ ရက်ကျမှ ဆက်လက်ထွက်ခွာနိုင်ဖွယ်ရှိကြောင်း၊ ထွက်ခွာမည့် ရက်နှင့်အချိန်ကိုမူ ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း ယင်းလေယာဉ်အဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိုလာဆဲလ်ပေါင်း ၁၇၀၀၀ ပါဝင်ပြီး နေ့ရောညပါ ငါးရက်ဆက်တိုက်ပျံသန်းနိုင်သော အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ၎င်း၏ခရီးစဉ် ၁၂ ခုအနက် စတုတ္ထမြောက် ခရီးစဉ်ဖြစ်သော ဗာရာဏသီမှ မန္တလေးခရီးစဉ်တွင် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ **(ဝရမ်)**




3 STAR II
အမှတ်(၁၁၆)၊ ၂၉ လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၀၁ ၂၄၃၃၃၆၊ ၀၉ ၄၉ ၂၆၉၅၀၀
လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။ အနယ်နယ်အရပ်ရပ်မှ မှာယူလိုသူများကိုလည်း သင်္ဘောဆိပ်၊ ကားဂိတ် အရောက်ပို့ပေးသည်။

သဉ္ဇာသန်းနိုင် တည်ထောင်သည်
ကျောင်း၊ ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊
ဘော်ဒါ အမှတ်(၁၁၀/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
ရုံး၊ အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း
၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက်
ကြိုအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကိုရယူပါ]
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)

ကိုယ်ပိုင်အထက်တန်းကျောင်း PRIVATE SCHOOL
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
Grade 11 Grade 10 Grade 9,8,7,6 ferry စီစဉ်ပေးသည်။
အဆင့်မြင့်ဘော်ဒါ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ]
Grade 9
ferry စီစဉ်ပေးသည်။
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

